

# ‘တရားမျှတမှုအတွက် မျှော်လင့်ချက်သာပေးပါ’

## တိုင်းရင်းသားပြည်နယ်များအတွင်း ဆက်လက်ဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

၂၀၁၄ ခုနှစ် နိုဝင်ဘာလ

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်း အသီးသီးဖြင့် စုပေါင်းဖွဲ့စည်းထားသော ပထမဦးဆုံး အဖွဲ့ကြီးဖြစ်သည်။ အဖွဲ့ချုပ်တွင် မြန်မာနိုင်ငံ နယ်နိမိတ်ချင်း ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ် ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ပါဝင်ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၉) ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက် သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်း တင်ခြင်းများမှ တဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

**ရည်ရွယ်ချက်များ**

- အမျိုးသမီးများ စွမ်းရည်မြှင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး


**လိပ်စာ**

P.O. Box 413, GPO

Chiang Mai 50000

Thailand

E-mail: wlb@womenofburma.org

Website: www.womenofburma.org

# မာတိကာ


**ကျေးဇူးတင်လွှာ** က

**အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များအစီရင်ခံစာအကျဉ်းချုပ်** ခ

**အစီရင်ခံစာအကျဉ်းချုပ်** ၁

**အပိုင်း ၁။ အခင်းဖြစ်ပွားရာ ဒေသများမှ သက်သေအထောက်အထားများ**

ဆက်လက်ဖြစ်ပွားနေသော ရာဇဝတ်မှုများ ၆

**အပိုင်း ၂။ အခြေခံအကြောင်းရင်းများ**

တရားမျှတမှုနှင့် တာဝန်ခံမှု ၁၀

ရင်းနှီးမြှုပ်နှံမှုနှင့် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခြင်း ၁၆

**အပိုင်း ၃။ အစိုးရ ကတိကဝတ်များနှင့် အကောင်အထည်ဖော်မှု**

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ် (CEDAW) ၂၀

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW) ၂၇

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ပဋိညာဉ် ကြေညာချက် ၃၁

**အပိုင်း ၄။ အနှစ်ချုပ် သုံးသပ်ချက်များနှင့် အကြံပြုချက်များ**

မြန်မာအစိုးရသို့ အကြံပြုချက်များ ၃၄

နိုင်ငံတကာ အသိုင်းအဝိုင်းသို့ အကြံပြုချက်များ ၃၅

တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသို့ အကြံပြုချက်များ ၃၆

# ကျေးဇူးတင်လွှာ

ဤအစီရင်ခံစာသည် မိန်းကလေးငယ်များ၊ အမျိုးသမီးများနှင့် လူထုအတွင်းမှ ပုဂ္ဂိုလ်များက ၎င်းတို့၏ တဦးချင်းလုံခြုံမှုကို ထိခိုက်နိုင်သည့် အခြေအနေကြားမှ ၎င်းတို့၏ အတွေ့အကြုံများကို ထုတ်ဖော်ပြောဆိုဝံ့သောကြောင့်သာ ထွက်ပေါ်လာနိုင်ခြင်းဖြစ်သည်။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးများအပေါ် လေးစားမှုများအတွက် လုပ်ကိုင်ဆောင်ရွက်သော ၎င်းတို့၏ သတ္တိရှိမှုသည် ယနေ့မြန်မာနိုင်ငံတွင် အပြောင်းအလဲများ အမှန်တကယ်ဖြစ်လာရေးအတွက် အားကောင်းသော တွန်းအားတရပ်ဖြစ်စေမည် ဖြစ်သည်။ ဤအစီရင်ခံစာသည် ထိုသူများ အားလုံးအတွက် ရည်ညွှန်းပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ဤအစီရင်ခံစာ ထွက်ပေါ်လာနိုင်ရေးအတွက် ဝိုင်းဝန်း ပူးပေါင်းဖြည့်ဆည်းပေးသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိပါသည်။ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး မှတ်တမ်းကွန်ယက် (ND Burma)၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ကွန်ယက် (DPN)၊ ကမ္ဘာ့တဝှမ်း တရားမျှတရေးစင်တာ (GJC)၊ ဖော်တီဖိုင်းရိုက်စ် (Fortify Rights)၊ (BRC) နှင့် မြန်မာအရေး လှုပ်ရှားမှု - ယူကေ (Burma Campaign UK) တို့ကိုလည်း ၎င်းတို့၏ ပူးပေါင်းပါဝင်မှုအတွက် ကျေးဇူးတင်ပါသည်။

မိမိတို့အနေဖြင့် ဤအစီရင်ခံစာတွင် ပါဝင်သော အဓိကကျသော အချက်အလက်များကို ပံ့ပိုးခဲ့ကြသော အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်သည့် ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင်အမျိုးသမီး အစည်းအရုံး၊ လားဟူအမျိုးသမီးအစည်းအရုံး၊ ပလောင်အမျိုးသမီးအစည်းအရုံးတို့နှင့်အတူ ကရင်လူ့အခွင့်အရေးအဖွဲ့ကိုလည်း မှတ်တမ်းအချက်အလက်များ ပေးပို့သည့်အတွက် ကျေးဇူးတင်ရှိပါသည်။

# အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များ အစီရင်ခံစာအကျဉ်းချုပ်




၂၀၁၄ ခုနှစ်က ထုတ်ပြန်သော အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့် စနစ်များ အစီရင်ခံစာတွင် မိမိတို့အနေဖြင့် တိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွင်း နိုင်ငံတော်မှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဖော်ပြခဲ့ပြီး ယင်းသို့ဖြစ်စေသည့် နောက်ခံအကြောင်းရင်းများနှင့် အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာခဲ့သည်။ မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရ၊ နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား တိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် တရားမဝင် ကျင့်သုံးနေသော ချိုးဖောက်ကျူးလွန်သူများအပေါ် အရေးယူမှု ကင်းမဲ့နေမှုများ အဆုံးသတ်စေရန်နှင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အဆင့်များကို အကြံပြုတင်ပြခဲ့ပါသည်။

## ထိုအစီရင်ခံစာတွင် မှတ်ချက်ပြုခဲ့သည်မှာ -

- ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အမှုအခင်းပေါင်း (၁၀၄) ခုကို မှတ်တမ်းတင်ခဲ့သည်။ ယင်းကိန်းဂဏန်းမှာ အမှန်တကယ် ချိုးဖောက်ကျူးလွန်သော အရေအတွက်၏ အစိတ်အပိုင်းငယ်တခုသာ ဖြစ်မည်ဟုလည်း ထောက်ပြခဲ့သည်။

- ဤအမှုအခင်း အများစုမှာ စစ်ဖက်ဆိုင်ရာ ထိုးစစ်များနှင့် ဆက်စပ်နေပြီး ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်နေသည့် ပုံသဏ္ဌာန်များသည် ပုံစံတကျ ဖြစ်ပေါ်နေသည်ကို ညွှန်ပြနေသည်။ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများကို သောင်းကျန်းသူ နှိမ်နင်းရေး မဟာဗျူဟာအဖြစ် အသုံးပြုထားပြီး သဘာဝ အရင်းအမြစ်များ ပေါကြွယ်ဝသည့် တိုင်းရင်းသားဒေသများနှင့် ဆက်စပ်နေသည်။

- မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပြည်တွင်းဥပဒေဘောင်သည် နိုင်ငံတကာ ဥပဒေများ၏ စံချိန်စံညွှန်းများနှင့် ဆန့်ကျင်နေပြီး အမျိုးသမီး တန်းတူရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် ပိတ်ပင်ထားဆီးထားသကဲ့သို့ ဖြစ်နေပြီး လွတ်လပ်သည့် တရားစီရင်မှု မရှိခြင်းသည်လည်း တရားစီရင်ရေး ယန္တရားအပေါ် အယုံအကြည်ကင်းမဲ့မှုကို ဖြစ်ပေါ်စေသည်။

- လိင်အကြမ်းဖက်မှုကို မြန်မာ့တပ်မတော်၏ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနေမှုသည် နိုင်ငံတကာဥပဒေများအောက်တွင် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်ပြစ်မှုများ ဖောက်ဖျက်ကျူးလွန်မှုများကို ဖြစ်ပေါ်စေနိုင်ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများကို သေသေချာချာပြုလုပ်ရန် လိုအပ်နေသည်။

- တရားဝင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဖြစ်စဉ်တစုံလုံးတွင် အမျိုးသားများ ကြီးစိုးမှုသည် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများအား အရေးပါသော သုံးသပ်ချက်အမြင်များကို ဘေးဖယ်ထားစေပြီး ကျား၊ မ တန်းတူ မညီမျှမှုကို ပုံစံတကျ ဆက်လက် ထိန်းသိမ်းထားရာလည်း ရောက်နေသည်။

**ယင်းတွေ့ရှိချက်များအပေါ် အခြေခံ၍ အစီရင်ခံစာက အောက်ပါ အကြံပြုချက်များဖြင့်ထောက်ပြခဲ့ပါသည်။**

**မြန်မာ အစိုးရသို့ -**

- အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်စေပြီး ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှု ဆောင်ကျဉ်းပေးရေးသေချာမှုရှိစေရန်။
- စစ်တပ်ကို အရပ်သား၏ ထိန်းချုပ်မှုအောက်တွင် ထားရှိပြီး အမျိုးသမီးအခွင့်အရေးများ မြှင့်တင်မှုများကို အာမခံချက်ရှိလာစေရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်။
- မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေများကို နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့် တပြေညီဖြစ်စေပြီး အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ပြည်တွင်းဥပဒေများကို ထိရောက်မှုရှိလာစေရေး ဆောင်ရွက်ရန်။
- ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်မှုကို အာမခံချက်ပေးပြီး ဆွေးနွေးမှုများတွင် အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တာဝန်ခံမှုကို ထည့်သွင်းရန်။

**တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များသို့ -**

- ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆွေးနွေးပွဲများတွင်  အမျိုးသမီးများ ပါဝင်မှုကို အာမခံချက်ပေးပြီး  အတိတ်ကာလ လူ့အခွင့်အရေးချိုးဖောက်မှုများအား တာဝန်ခံမှုကိုတောင်းဆိုရန်။
- ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်၏သတ်မှတ်ချက်တရပ်အနေဖြင့် စစ်တပ်ကို အရပ်သားအစိုးရ၏ထိန်းချုပ်မှု အောက်တွင်ထားရှိရန်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်မှုများသေချာမှုရှိစေရေးတို့အတွက် ၂၀၀၈ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးကို ဆက်လက်တောင်းဆိုသွားရန်။

**နိုင်ငံတကာ အသိုင်းအဝိုင်းသို့ -**

- မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြောင်းလဲပြီး စစ်တပ်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် မထားနိုင်မချင်း တရားဥပဒေ စိုးမိုးရေးနှင့် ဒီမိုကရေစီမရရှိနိုင်ကြောင်း  အသိအမှတ်ပြုရန်။
- အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်အတွက် မြန်မာအစိုးရအား ဖိအားပေးရန်နှင့် ၎င်းတို့၏ ပြစ်မှုများအပေါ် တာဝန်ခံမှုရှိစေရန်အတွက်တောင်းဆိုရန်။
- လူ့အခွင့်အရေးချိုးဖောက်မှုများကိုစုံစမ်းစစ်ဆေးရန် ထိရောက်သော တရားစီရင်ရေးနှင့် အခြားသော အသွင်ကူးပြောင်းရေးကာလ အမှန်တရား ဖော်ထုတ်ပေးသော ကော်မရှင်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ပြည့်စုံပြီး ဘက်မလိုက်သော နိုင်ငံအဆင့် တရားစီရင်ရေးရုံးများစသည့် ယန္တရားများ ချမှတ်အကောင်အထည်ဖော်ရေး အတွက် မြန်မာအစိုးရအား တောင်းဆိုရန်။

# အစီရင်ခံစာ အကျဉ်းချုပ်

အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်းတွင် မြန်မာ့တပ်မတော် အနေဖြင့် နိုင်ငံတဝှမ်း လူ့အဖွဲ့အစည်းများအား အောင်မြင်စွာ ဖိနှစ်ချုပ်ချယ်နိုင်ရန်အတွက်အဓမ္မပြုကျင့်မှုကို စနစ်တကျ အသုံးပြုနေကြောင်း ဖော်ထုတ်ထားသော အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ မိမိတို့အနေဖြင့် သမ္မတ ဦးသိန်းစိန် အစိုးရ အာဏာရယူသည့်အချိန်မှ (၃)နှစ်အတွင်း လိင်အကြမ်းဖက်မှု တစ်ရာကျော်ကို မှတ်တမ်းတင်ဖော်ပြခဲ့ သည်။ ယင်းအရေအတွက်သည် အမှန်တကယ် ဖြစ်ပေါ်ခဲ့သော ပြဿနာအတိုင်းအတာ၏ အနည်းအကျဉ်းမျှသာ ဖြစ်သည်ဟု မိမိတို့ ယုံကြည်သည်။ မိမိတို့၏ အဖွဲ့ဝင်အဖွဲ့အစည်းများ၏ နိုင်ငံတဝှမ်း အထောက်အထား စုဆောင်းရရှိမှုများအပေါ် ကောက်ချက်အဖြစ် စစ်တပ် စိုးမိုးရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အကြား ရှင်းလင်းသော ဆက်စပ်မှုများရှိနေကြောင်းကို မိမိတို့ ထုတ်ဖော်ပြောဆိုခဲ့သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား ပိုင်းပတ်ကာရံထားသော အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့်နှင့် ကျူးလွန်ခံရသူများ အနေဖြင့် အမှန်တရားဖော်ထုတ်နိုင်မှုကို တားဆီးထားသော အလေ့အထတို့ကို ဖယ်ရှားနိုင်ရန်အတွက် အကြံပြု ချက်များကို တင်ပြခဲ့သည်။ မကြာသေးမီ လများအတွင်း ကဏ္ဍအများအပြားတွင် အပြုသဘောဆောင်သော အရေးယူ ဆောင်ရွက်မှုများကို တွေ့မြင်ခဲ့ရမှုနှင့် တချိန်တည်းမှာပင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်သူ များအား အပြစ်ပေးအရေးယူ ခံရမှုများမှ ကင်းလွတ်မှုကို ပေးထားသည့် ထောက်တိုင်များ ဆက်လက်ရှိနေဆဲ ဖြစ်သည်။ ဇန်နဝါရီလအတွင်းက မိမိတို့အနေနှင့် စစ်တပ်ကို အရပ်သားထိန်းချုပ်မှုအောက်တွင် ထားရှိရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ - အထူးသဖြင့် လိင်အကြမ်းဖက်မှုဆိုင်ရာ များကို လေ့လာစုံစမ်းရန်အတွက် ထိရောက်သော တရားစီရင်ရေးနှင့် တရားစီရင်ရေးမဟုတ်သည့် အခြားသော ယန္တရားများ ဖော်ထုတ်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေးမှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်မှုရှိစေရန် တောင်းဆိုခဲ့သည်။

### ယနေ့တွင် ယင်းတောင်းဆိုမှုများကို ထပ်လောင်း၍တောင်းဆိုလိုက်သည်။

ဤအကြောင်းကိစ္စရပ်များကို ဖြေရှင်းလိုသော စိတ်စေတနာကို ဖော်ပြသည့် မြန်မာအစိုးရ၏ အမှတ်လက္ခဏာများ ရှိသော်လည်း အဓမ္မပြုမှုနှင့် တရားမျှတမှုကို ရှာဖွေဖော်ထုတ်လိုသူများအပေါ် နှောက်ယှက်စော်ကားမှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။ အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များ အစီရင်ခံစာထုတ်ပြန် ပြီးနောက်ပိုင်း လများအတွင်း နိုင်ငံတဝှမ်းတွင် မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များ၏ အဓမ္မပြုကျင့်မှု၊ လိင်အကြမ်း

ဖက်မှုကျူးလွန်ရန် ကြိုးပမ်းမှုများနှင့် အမျိုးသမီးများအပေါ် ကျူးလွန်စော်ကားမှု အစီရင်ခံချက်များကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ဆက်လက်စုဆောင်းနေခဲ့သည်။ အုပ်စုလိုက် အဓမ္မပြုကျင့်မှုနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှု အမှုပေါင်း (၁၄) မှု၏ အစီရင်ခံချက်များကို ဇန်နဝါရီလနှင့် ဖွန်လအတွင်းတွင် စုဆောင်းနိုင်ခဲ့သည်။ ထို့အပြင် အခြားသော အမျိုးသမီးအများအပြားမှာလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တွေ့ကြုံနေရပြီး အရေးယူ ဆောင်ရွက်မှု၏ အကျိုးဆက်များကို ကြောက်ရွံ့နေရဆဲဖြစ်သည်ကို တွေ့ရှိရပြီး အောက်ခြေအဆင့် အခြေအနေများမှာ ကျယ်ကျယ်ပြန့်ပြန့် ပြောင်းလဲမှု မရှိသေးသည်ကို တွေ့ရသည်။ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များမှာ အခြေခံလူ့အခွင့်အရေးများကို ငြင်းပယ်ခံရဆဲဖြစ်ပြီး အမျိုးသမီးများအပေါ် အခွင့်အရေးချိုးဖောက်ကျူးလွန်သူများမှာလည်း အပြစ်ပေး အရေးယူခံရခြင်း မရှိသေးပါ။ အောက်တွင် ဖော်ပြထားသော အမှုအခင်းများတွင် ယင်းအချက်များကို တွေ့ရမည်ဖြစ်သည်။ ယင်းအဖြစ်အပျက်များသည် တိုင်းရင်းသား ဒေသများအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်နွယ်မှု၊ လူမှုအဖွဲ့အစည်းများအနေဖြင့် ကျူးလွန်ခံရသူများအား ကူညီရန်နှင့် အမျိုးသမီးများ၏ လူ့အခွင့်အရေးများအား ကာကွယ်ရန် အခက်အခဲကြုံတွေ့နေရမှုနှင့် ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များကို အကောင်အထည်ဖော်ရန် အစိုးရအနေဖြင့် လုံလောက်သော ကြိုးပမ်းအားထုတ်မှုများ မပြုလုပ်နေမှုများကို မီးမောင်းထိုးဖော်ပြနေသည်။ ထိုမျှသာမက ယင်းအဖြစ်အပျက်များသည် ယနေ့မြန်မာနိုင်ငံတွင် ကျား၊ မ တန်းတူညီမျှမှုမရှိခြင်း အမြစ်တွယ်မှုမှ ပေါက်ဖွားလာသော အပြစ်ပေးအရေးယူခံရမှု ကင်းလွတ်နေသည့် အလေ့အထကို အခြေခံကျကျ ပြောင်းလဲပြုပြင်ရန် ကြိုးပမ်းအားထုတ်မှုများလုပ်ရန် များစွာလိုအပ်နေသေးကြောင်းကိုလည်း အထောက်အထားများအဖြစ် မကြာသေးမီ လပိုင်းအတွင်း မြန်မာအစိုးရအားဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုများ ပြုလုပ်ရန်နှင့် လက်ရှိနှင့် အတိတ်ကာလတွင် ဖြစ်ပျက်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် တောင်းဆိုမှုများ မြင့်မားလာခဲ့သည်။ မတ်လအတွင်းတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ယင်းကို ပဲ့တင်ထပ်ထုတ်ဖော်၍ အစိုးရအနေဖြင့် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံရသော အမျိုးသမီးများအား အကာအကွယ်ပေးမှုများ လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

> *'လိင်အကြမ်းဖက်မှု ရာဇဝတ်မှုများ အပါအဝင် လက်ရှိနဲ့ အတိတ်ကာလက လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုတွေကို မြန်မာအစိုးရအနေနဲ့ ပြည့်ပြည့်ဝဝ စုံစမ်းစစ်ဆေးဖို့ ကျွန်တော် တောင်းဆိုပါတယ်။ ကျူးလွန်ခံရသူတွေအပေါ် ပြည့်စုံတဲ့ အကာအကွယ်ပေးမှုနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ တုန့်ပြန်မှုတွေကို ပံ့ပိုးပေးဖို့အတွက် မြန်မာအစိုးရအနေနဲ့ ကုလသမဂ္ဂနှင့် လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများရဲ့ ပံ့ပိုးမှုဖြင့် လုပ်ဆောင်ပေးဖို့ ကျွန်တော် တိုက်တွန်းပါတယ်'*[1]

---

1 အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ (၂၀၁၄)၊ "ပဋိပက္ခနှင့် ဆက်နွယ်သော လိင်အကြမ်းဖက်မှု"၊ စာ ၁၂-၁၃၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ

ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ပဋိညာဉ် ကြေညာစာတမ်းကို လက်မှတ်ရေးထိုးခဲ့သော်လည်း ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု တိုးတက်လာစေရေး အရေးယူဆောင်ရွက်မှုများ လက်တွေ့အကောင်အထည် ဖော်ဆောင်မှုများ မရှိသေးပဲ လူ့အခွင့်အရေး ချိုးဖောက်မှုများကို သေချာစွာ စုံစမ်းဖော်ထုတ်နိုင်ရန် ရဲတပ်ဖွဲ့နှင့် တရားစီရင်ရေးပိုင်းများ၏ အဆင်သင့်ဖြစ်မှုမှာလည်း လုံလောက်မှု မရှိပဲ ဖြစ်နေသေးသည်။ အစိုးရ၏ အမျိုးသမီးများ တိုးတက်ရေးအတွက် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းသည် ရှေ့တိုးသည့် ခြေလှမ်းများအဖြစ် ပြသနေ သော်လည်း အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေမည့် စောင့်ကြည့် လေ့လာရေးနှင့် အကြံပြုချက်များအပါအဝင် စီဒေါကော်မတီ ၂၀၀၈ မှ တင်ပြထားသော ကိစ္စရပ်များကိုမူ အရေးယူ ဆောင်ရွက်ခြင်း မရှိသေးပေ။ အမျိုးသမီးများအား ဝမ်းနည်းပူဆွေးမှုကို ကုစားနိုင်ရန်အတွက် ရှာဖွေဖော်ထုတ်နိုင် မှုကို ငြင်းပယ်ထားဆဲဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ် များမှ ဖယ်ထုတ်ခံထားရသည်၊ နိုင်ငံရေး လက်တွေ့ဘဝများတွင် ဘေးဖယ်ခံထားရသည်၊ ပြည်တွင်း ဥပဒေများ အောက်တွင် အခွင့်အလမ်းများ ပြင်းပြင်းထန်ထန် နည်းပါးလျက်ရှိနေဆဲဖြစ်သည်။

ဇန်နဝါရီလက ထုတ်ပြန်သော အစီရင်ခံစာတွင် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)က လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများအတွက် အမှန်တရားဖော်ထုတ်နိုင်ရေးနှင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် အဆင့်အများအပြားကို အဆိုပြုတင်ပြထားသည်။ တနှစ်နီးပါး ကြာ လာသည့်အချိန်ထိ မြန်မာအစိုးရအနေဖြင့် မရေမတွက်နိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်၍ လျစ်လျူရှုထားဆဲဖြစ်ပြီး အဖွဲ့ဝင်အဖြစ် တာဝန်ခံ လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ သဘောတူစာချုပ် အများအပြားနှင့် ကုလသမဂ္ဂက လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ဆန့်ကျင်နေမှုများအပေါ် ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားဆဲဖြစ်သည်။ အစိုးရနှင့် စစ်တပ်အာဏာပိုင်များက ကျူးလွန်နေသည်ဟု စွပ်စွဲထားသော စစ်ရာဇဝတ်မှုများ နှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်ပြစ်မှုများ ဖြစ်ပေါ်စေသည့် အကြောင်းရင်းခံများကို ပစ်မှတ်ထား အရေးယူဆောင်ရွက်ရန်အတွက် ဆက်လက် ပျက်ကွက်နေဆဲဖြစ်သည်။ အမှန်တကယ်တွင် မိမိတို့ အနေဖြင့် လွန်ခဲ့သည့်နှစ်အတွင်း တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများ၊ အမျိုးသမီးငယ်များနှင့် ၎င်းတို့ ၏ မိသားစုဝင်များအပေါ် အကြမ်းဖက်မှုများ တိုက်ရိုက်မြင့်မားလာစေသည့် တိုင်းရင်းသားဒေသများတွင် မြန်မာ စစ်တပ် အနေဖြင့် အင်အားတိုးချဲ့ချထားမှုများကို မှတ်တမ်းများ ရရှိထားသည်။

**အဓိက တွေ့ရှိချက်များနှင့် အကြံပြုချက်များ**

***ဤအစီရင်ခံစာ၏ အဓိက တွေ့ရှိချက်များမှာ -***

- နိုင်ငံတော်အပိုင်းမှ ချိုးဖောက်ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများအပေါ် ကျူးလွန်ခံရသူများအတွက် အမှန်တရား ဖော်ထုတ်မှုမှာ လုံးဝနီးပါး မရှိသလောက်ဖြစ်ပြီး မြန်မာနိုင်ငံ၏ တရားဥပဒေဘောင်၏ လက္ခဏာဖြစ်သော ပွင့်လင်းမြင်သာမှု ကင်းမဲ့နေခြင်း၊ အပြစ်ပေးအရေးယူမှုများမှ တရားမဝင် ကင်းလွတ်ခွင့်ကို ပေးထားသည့် လူထုဆိုင်ရာ အရာရှိများ၏ ရှုတ်ထွေးမှုနှင့် ဥပဒေကြောင်း လုပ်ငန်းစဉ်များအတွက် ငွေကြေးထောက်ပံ့မှု ကုန်ကျမှုများကို တားဆီးထားခြင်း။

- သဘာဝ ရင်းမြစ်ကြွယ်ဝသော အပစ်ရပ်ဒေသများတွင် လျင်မြန်စွာ လုပ်ဆောင်နေသော ရင်းနှီးမြှုပ်နှံမှုများကြောင့် စစ်တပ်နေရာယူမှု တိုးပွားလာခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးပွားလာနေခြင်းနှင့် အမျိုးသမီးများ၏ လုံခြုံမှု အားနည်းလာစေခြင်း။

- နိုင်ငံတော်က ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများတွင် ကျူးလွန်ခံရသူများအပေါ် တရားမျှတမှု ရှာဖွေသော လူမှုအဖွဲ့အစည်းများအား နှောက်ယှက်မှုများ တိုးပွားလာနေခြင်းနှင့် တိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွင်း ၂၀၀၈ ခုနှစ် စီဒေါကော်မတီ အကြံပြုချက်များ တိုးတက်လာအောင် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအပေါ် အစိုးရ၏ ပံ့ပိုးမှုမှာ အတားအဆီးများ ကြီးမားစွာ ဆက်လက်ရှိနေခြင်း။

- အစိုးရ၏ အမျိုးသမီး တိုးတက်ဖွံ့ဖြိုးရေး အမျိုးသား မဟာဗျူဟာ စီမံကိန်း အကောင်အထည်ဖော်မှု အားနည်းနေပြီး တရားမျှတမှု ကင်းမဲ့နေခြင်းများအပေါ် တစုံတရာလုပ်ဆောင်မှုမရှိပဲ မြန်မာနိုင်ငံအတွင်း အမျိုးသမီးကိုယ်စားပြုမှု ဆက်လက်အားနည်းနေခြင်း။

- ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ကျေညာချက်အပေါ် အရေးယူဆောင်ရွက်မှု မရှိပဲ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင် အမျိုးသမီးရေး ကိစ္စရပ်များ လုံးဝပါဝင်မှုမရှိခြင်း။

အဆိုပါ အကြောင်းရင်းခံများကြောင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် မြန်မာအစိုးရအား လွတ်လပ်သော နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု၊ အမှန်တရား ကော်မရှင်နှင့် ပြည့်စုံသော လွတ်လပ်သည့် ပြည်တွင်းတရားရုံးများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ထိရောက်သော ဥပဒေဘောင်တွင်းနှင့် ဥပဒေဘောင်ပြင်ပ ယန္တရားများကို တည်ဆောက်သွားရန် ဖိအားပေးမှုများ လုပ်ဆောင်သွားရန် ထပ်မံတောင်းဆိုလိုက်သည်။ ထို့အပြင် စစ်တပ်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် တည်ရှိစေရန်နှင့် အမျိုးသမီး အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် ဖော်ထုတ်ထားသော နိုင်ငံတကာ ဥပဒေများ စံချိန်စံညွှန်းများကို ထည့်သွင်းနိုင်ရန် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းသည် အနာဂတ်တွင် ကျား၊ မ တန်းတူမှု တရားမျှတမှုနှင့် အာမခံချက်ရှိစေမည့် လုပ်ဆောင်မှုအဖြစ် အဓိကကျပေသည်။

လူ့အသိုင်းအဝိုင်း တခုချင်းစီတွင် တည်ရှိနေသော လူမှု-စီးပွားအကြောင်းအရာများကို ဆွေးနွေးခြင်း အပါအဝင် မြန်မာအစိုးရနှင့် တိုင်းရင်းသား အဖွဲ့များအကြား နိုင်ငံရေး ဆွေးနွေးပွဲ အစပျိုးမှုကို စတင်ရမည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးသည် ယင်းကိစ္စရပ်များ ဖြေရှင်းနိုင်မှု အပေါ်မူတည်နေသည်။ မြန်မာအစိုးရနှင့် ကချင်ပြည်လွတ်လပ်ရေး အဖွဲ့ (ကေအိုင်အို)/ ကချင်ပြည် လွတ်လပ်ရေး တပ်မတော် (ကေအိုင်အေ) တို့အကြား (၁၇) နှစ်ကြာ အပစ်အခတ် ရပ်စဲရေး အဆုံးသတ်သွားခဲ့ပြီး လူ့အဖွဲ့အစည်းများကို ဆက်လက်ခြိမ်းခြောက်လာသော ပဋိပက္ခများနှင့် ဆုတ်ယုတ်ပျက်စီးမှုသည် အထောက်အထားတခု ဖြစ်သည်။ ယင်းပြဿနာများ ပြေလည်ရန် တခုတည်းသော အဖြေမှာ တိုင်းရင်းသားဒေသများမှ မြန်မာ့တပ်မတော် အပြည့်အဝဆုတ်ခွာသွားရန် ညှိနှိုင်းမှုများကို လုပ်ဆောင်နိုင်ပြီး ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်မှသာဖြစ်ပေမည်။

နောက်ဆုံးအနေဖြင့် ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်များကို အမျိုးသားများက အဓိက ဦးစီး လုပ်ဆောင်နေသမျှ အမျိုးသမီးများ၏ ပါဝင်နိုင်ခွင့် လျစ်လျူရှုခံနေရမည်ဖြစ်သည်။ စစ်တပ်စိုးမိုးမှုနှင့် ယှဉ်တွဲ တည်ရှိနေသော လိင်အကြမ်းဖက်မှု ပုံစံများကို အဆုံးသတ်ရန်အတွက် နိုင်ငံရေးဆွေးနွေးမှု အဆင့်တိုင်းတွင် အမျိုးသမီးများ၏ အသံများကို ထုတ်ဖော်နိုင်သည့် အာမခံချက်ရှိရန် လိုအပ်သည်။ အတူတကွ ပေါင်းစပ်ခြင်းဖြင့် အကြံပြုချက်များသည် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို ဦးတည်ရုံမက အားလုံး၏ လိုလားချက်နှင့် ကိုက်ညီပြီး မြန်မာနိုင်ငံတလွှားတွင် အမျိုးသမီးအခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှုကိုလည်း ဖြစ်ပေါ်စေမည်ဟု မိမိတို့ ယုံကြည်သည်။

# အပိုင်း ၁။ အခင်းဖြစ်ပွားရာ ဒေသများမှ သက်သေအထောက်အထားများ

## ဆက်လက်ဖြစ်ပွားနေသော ရာဇဝတ်မှုများ

***အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များ*** အစီရင်ခံစာ ထုတ်ပြန်သည့် အချိန်မှစ၍ တိုင်းရင်းသူ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြောင်းလဲမှုမရှိပဲ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့် ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်နီပြည်နယ်များတွင် အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပြုလုပ်ရန် ကြိုးပမ်းမှုစသော သတင်းအချက်အလက်များကို စုဆောင်းခဲ့သည်။ အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များ အစီရင်ခံစာတွင် ဖော်ပြခဲ့သကဲ့သို့ မြန်မာနိုင်ငံအတွင်း အဓမ္မပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် နိုင်ငံတကာ တရားရုံး ရောမဆုံးဖြတ်ချက်၏[2] အဓိပ္ပါယ် ဖွင့်ဆိုချက်အရ လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုမြောက်သည်။ ဤရာဇဝတ်မှုများ[3]၏ အရေအတွက်နှင့် ဖြစ်ပွားရာနေရာ ဧရိယာကျယ်ပြန့်မှုသည် မြန်မာ့တပ်မတော်၏ စနစ်တကျအဖြစ် လုပ်ဆောင်နေသော လိင်အကြမ်းဖက်မှုများသည် တိုင်းရင်းသား ပြည်နယ်များအတွင်း အရပ်ဖက် လူထုကို စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်ပေါ်စေသည်မှာ ရှင်းလင်းထင်ရှားသည်။ ဤအမှုအခင်းများ၏ တူညီသော အကြောင်းအရာမှာ ကျူးလွန်မှု များတွင်သာမက ဖုံးကွယ်ထားမှုများတွင်ပါ စစ်တပ်မှ တပ်ဖွဲ့ဝင်များ ပါဝင်နေခြင်းနှင့် တာဝန်ယူမှုနှင့် ပွင့်လင်း မြင်သာမှုများကို မျက်ကွယ်ပြုထားသည့် သဘောတရားသည် ယုံကြည်မှု တည်ဆောက်ရန် အထောက်အကူများ မဖြစ်လာပဲ စစ်တပ်ဩဇာအာဏာရှိမှုအပေါ် ခြိမ်းခြောက်မှုဟု မြင်ထားခြင်းဖြစ်သည်။

လူမှုအဖွဲ့အစည်းများက ဆက်လက်ထုတ်ဖော်လာသော အုပ်စုလိုက်အဓမ္မပြုကျင့်မှု အများအပြားတွင် စစ်တပ်

2 အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့်စနစ်များအစီရင်ခံ စာ-၂၃-၂၇။ မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှု နှစ်ခုလုံးသည် နိုင်ငံတကာ ရာဇဝတ်ခုံရုံး ရောမ ပြဌာန်းချက်အောက်တွင် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများဖြစ်သည်။ ထို့အပြင် လိင်အကြမ်းဖက်မှုကို နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေ IHL အောက်တွင် တားမြစ်ထားသည်။ ယင်းတို့တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်ဖြစ်သော ၁၉၄၉ ခုနှစ် ဂျနီဗာကွန်ဗင်းရှင်းလည်း ပါဝင်သည်။ IHL ဓလေ့ထုံးတမ်း၊ နိုင်ငံတကာ ကြက်ခြေနီအသင်း၊ စည်းမျဉ်း ၉၃၊ 'မုဒိန်းမှုနှင့် အခြား လိင်အကြမ်းဖက်မှု ပုံစံများ' တွင်ကြည့်။

3 ဤအစီရင်ခံစာတွင် 'ရာဇဝတ်မှု' စကားလုံးကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှထုတ်ပြန်သော ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့် စနစ်များ အစီရင်ခံစာ-၂၃-၂၇ ပါ ဆွေးနွေးချက်များအရ သုံးနှုန်းသည်။ မြန်မာပြည်တွင်း ဥပဒေအရ မုဒိန်းမှုကို မြန်မာရာဇသတ်ကြီး ပုဒ်မ ၃၇၅နှင့် ၃၇၆ တွင် ရာဇဝတ်မှုအဖြစ် ဖော်ပြထားပြီး တရားရုံးအနေဖြင့် ကျူးလွန်သူအား တသက်တကျွန်းအထိ ထောင်ဒဏ်ချမှတ်နိုင်သည်။ လိင်အကြမ်းဖက်မှုကိုလည်း လူ့အခွင့်အရေးချိုးဖောက်မှုအဖြစ် အသိအမှတ်ပြုထားသည်။ အရှင် ကုမာရစာရ၊ ၁၉၉၅ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အထူးကိုယ်စားလှယ်၊ "ဒုက္ခသည်များအပေါ် လိင်အကြမ်းဖက်ခြင်း - ကာကွယ်တားဆီးရေးနှင့် တုန့်ပြန်ချက် လမ်းညွှန်"

အနေဖြင့် လိင်အကြမ်းဖက်မှုကို ခွင့်ပြုထားကြောင်း အထောက်အထားများ ဖြစ်လာနေသည်။ အုပ်စုလိုက် အဓမ္မပြုကျင့်မှုများ များပြားတည်ရှိလာနေခြင်းသည် စစ်တပ်ကို လူ့အခွင့်အရေးနှင့် နိုင်ငံတကာ ဥပဒေစံချိန်စံညွှန်းများအထက်တွင် ရောက်ရှိနေစေသော မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ တိုက်ရိုက်ရလဒ်ပင်ဖြစ်သည်။ လိင်အကြမ်းဖက်မှုများနှင့်အတူ ကျူးလွန်ခံရသူများသည် အမှန်တရား ဖော်ထုတ်ရှာဖွေမှုများတွင် လစ်လျူရှုထားခြင်းနှင့် အပြစ်ပေး အရေးယူမှုမှ ကင်းလွတ်စေသော အလေ့အထကို အာမခံထားခြင်းများ အပါအဝင် အာဏာပိုင်အဆင့်ဆင့်၏ စော်ကားမှုများကို ကြုံတွေ့နေရသည်။ ဤအစီရင်ခံစာ တနေရာတွင် ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးများအပေါ် မြန်မာနိုင်ငံမှ လိုက်နာရန်သဘောတူထားသော ကတိကဝတ်များကို စစ်တပ်မှ ဖော်ဆောင်နေသည်ဟု အစိုးရအနေဖြင့် တရားဝင်ထုတ်ဖော်လိုပါက ၎င်းတို့၏ အမြစ်တွယ်နေသော အမူအကျင့်များ ပြောင်းလဲရန် လိုအပ်ပါသည်။

> *၂၀၁၄ ခုနှစ် ဇန်နဝါရီ ၉ ရက်နေ့က ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ် ကားလမ်းပေါ်တွင် အမှတ် ၂၉၈ ခြေမြန်တပ်ရင်းမှ စစ်သားများက ကားပေါ်မှကချင်အမျိုးသမီး သုံးဦးကို ဆွဲခေါ်ခဲ့သည်။ နှစ်ယောက်က ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သော်လည်း ရွယ်ရွယ်မှာ အတင်းအဓမ္မ ဆွဲခေါ်သွားခံခဲ့ရသည်။ လမ်းသွားလမ်းလာများနှင့် ဝေးသောနေရာသို့ ရောက်သည့်အခါ သူမကို အုပ်စုလိုက် မုဒိန်းပြုကျင့်ခဲ့ကြသည်။ ရွယ်ရွယ်က ဖြစ်ပျက်ခဲ့သည်များကို မိသားစုအား ပြန်ပြောပြသည့်အခါ သူတို့အနေဖြင့် သတင်း မီဒီယာများနှင့် စစ်တပ်ကို တိုင်ကြားခဲ့သည်။ ခြေလျင်တပ်ရင်း အမှတ် ၃၁ မှ တပ်ရင်းမှူးက ရွယ်ရွယ်၊ သူ့မိသားစု၊ ရွာသူကြီးနှင့် အခြားရွာသားများကို ခေါ်ယူတွေ့ဆုံခဲ့ပြီး အဖြစ်အပျက်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။ ဆွေးနွေးမှု နောက်ပိုင်းတွင် တပ်ရင်းမှူးနှင့် သူ၏ နောက်လိုက်များက အဖြစ်အပျက်နှင့်ပတ်သက်၍ သတင်းများကို မည်သူက ဖြန့်ဝေနေသည်ကို ရွာသို့ လာရောက်စုံစမ်းပြီး ရွာသားများကို ပြဿနာ မလုပ်ရန် ခြိမ်းခြောက်ခဲ့သည်။ ယခုအချိန်တိုင်အောင် ကျူးလွန်ခဲ့သူများကို အပြစ်ပေးအရေးယူခြင်းမရှိပါ။*[4]

ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ၊ ကျူးလွန်ခံရသူ အများအပြား၏ အသက်အရွယ်များနှင့် ကျူးလွန်သူများ အပြစ်ပေးအရေးယူမှုမရှိခြင်း စသည်တို့ စနစ်တကျ ဖြစ်တည်နေပုံသည် မြန်မာစစ်တပ်အနေဖြင့် တိုင်းရင်းသား လူထုများအပေါ် အကြမ်းဖက်ဖိနှိပ်လိုသော ရည်ရွယ်ချက်ကို အထောက်အထားအဖြစ် ပြသလျက်ရှိသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း အမျိုးသမီး ကလေးငယ်များအပေါ် အုပ်စု

4 သတင်းရင်းမြစ် - Kachinland News

လိုက် အဓမ္မပြုကျင့်ခဲ့မှုနှင့်အတူ ရှမ်းပြည်နယ်အတွင်း အသက် (၈) နှစ်အရွယ် အမျိုးသမီး ကလေးငယ်တဦးကို အဓမ္မပြုကျင့်ခဲ့မှု (အောက်တွင်ဖော်ပြထားသည်) ကို မှတ်တမ်းများ ရရှိခဲ့သည်။ ကျူးလွန်ခံရသူများအပေါ် ပံ့ပိုး ကူညီသော ယန္တရားများ ကင်းမဲ့ခြင်းသည် ဤရာဇဝတ်မှုများ၏ စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများကို ပိုမိုကျယ်ပြန့် သွားစေသည်၊ ကျူးလွန်မှုများသည် အမျိုးသမီးငယ်များနှင့် ကလေးငယ်များ၏ ဘဝကို ကြေမွပျက်စီးသွားစေသည်။ လိင်အကြမ်းဖက်မှုကျူးလွန်ခံရသူများအပေါ် ထားရှိသည့် ပတ်ဝန်းကျင်အမြင်ကလည်း သူတို့၏ ထိခိုက်နာကျင်မှု များကို ပိုမိုဆိုးရွားသွားစေခဲ့သည်။

*၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်နေ့တွင် ရှမ်းပြည်မြောက်ပိုင်း သိန္နီမြို့အနီး ခွဲလွန်ရွာတွင် အသက် ၈ နှစ် အရွယ် ကလေးငယ်တဦးကို သိန္နီအခြေစိုက် အမှတ် ၁၆ စစ်ဆင်ရေး ဗျူဟာ လက်အောက်ခံ အမှတ် ၃၂၃ ခြေမြန် တပ်ရင်း မှ စစ်သားတဦးက မုဒိန်းကျင့်ခဲ့သည်။ အနီးအနားလယ်ကွင်းများတွင် မိဘများ အလုပ်သွားလုပ်နေသဖြင့် စစ်သား ရောက်ရှိလာသည့်အခါတွင် ကလေးငယ်မှာ သူမ၏ မွေးကင်းစ ညီမလေးကို ထိန်းနေခဲ့သည်။ စစ်သားရောက်လာပြီး ကလေးငယ်၏ အခန်းတွင်းသို့ အတင်းဝင်ရောက်ကာ ကလေးငယ်ကို အိပ်ရာပေါ်သို့ အတင်းတွန်းလှဲကာ မုဒိန်းကျင့်ခဲ့သည်။ တယောက်ယောက်ကို ပြန်ပြောခဲ့ရင် သတ်ပစ်မယ်လို့ အကြိမ်ကြိမ် ပြောခဲ့သည်။*[5]

ဤအမှုအခင်းများ၏ ကြီးလေးမှုသည် တရားမဝင် အပြစ်ပေးအရေးယူခံရမှုမှ လွတ်ကင်းမှု ရရှိထားသော စစ်သားများ အပေါ် မည်သို့မျှ သက်ရောက်မှု မရှိခဲ့ပါ။ အဆင့်မြင့်စစ်အရာရှိများသည် အရပ်သားများအပေါ် လစ်လျူရှုပြီး ကျူးလွန်ခံရသူများထက် သူတို့၏ စစ်သားများကို ဦးစားပေးသည့် အလေ့အထက လွှမ်းမိုးနေသည်။ လိင် အကြမ်းဖက်မှုများ နောက်တွင် စစ်သားများ၏ တရားဥပဒေဘောင်ပြင်ပတွင် ဆက်လက်လုပ်ဆောင်ခဲ့သော လုပ်ရပ်များသည် ကျူးလွန်ခံရသူများကို ပိုမိုကြောက်ရွံ့စေသည်ကို မိမိတို့ သတိပြုမိသည်။

*ကရင်နီ ပြည်နယ် ဖရူဆိုတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့က အမျိုးသမီးတဦးကို မုဒိန်း ပြုကျင့်ရန် ကြိုးပမ်းမှု ဖြစ်ပွားပြီးနောက်တွင် ဗိုလ်ကြီးအောင်ဇော်ထွန်းက နစ်နာကြေးအဖြစ် မြန်မာကျပ်ငွေ ၃ သိန်း (အမေရိကန် ဒေါ်လာ ၃၀၀ ခန့်) ဖြင့် မီဒီယာများကို ပြောဆိုခြင်း အခြား ဆက်လက်လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း မပြုလုပ်ရန် အမှုကို ကြေအေးစေခဲ့သည်။ ဒေသခံ အမျိုးသမီးအဖွဲ့က ကျေးရွာရှိ ကျူးလွန်ခံရသူအမျိုးသမီးနှင့်တွေ့ဆုံရန် ကြိုးပမ်းခဲ့သော်လည်း*

5 သတင်းရင်းမြစ် - Kachinland News

*ပျော်ကြေးငွေလက်ခံပြီး ဖြစ်သဖြင့် တွေ့ဆုံရန် ငြင်းပယ်ခဲ့ပြီး သူတို့အနေဖြင့် အဖြစ်အပျက်ကို ပြန်လည်ပြောပြသည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် နောက်ဆက်တွဲ ကိစ္စရပ်များအတွက် စိုးရိမ်ပူပန်နေခဲ့ကြသည်။*[6]

စစ်တပ်ပါဝင်ပတ်သက်မှုသည့် ဤမှုခင်းများကို စုံစမ်းစစ်ဆေးရာတွင် စစ်တပ်နှင့် ဆက်နွယ်သော အမှုအခင်းများသည် ဥပဒေဘောင်ပြင်ပတွင်သာ အဆုံးသတ်မည်ကို သိရှိနေသောကြောင့် ရဲတပ်ဖွဲ့အနေဖြင့် ကောင်းမွန်စွာ ကိုင်တွယ်ရန် စိုးရိမ်ကြောက်ရွံ့မှုများ ဖြစ်စေသည်။[7] မှတ်တမ်းတင်ထားသော ရာဇဝတ်မှုများတွင် စုံစမ်းစစ်ဆေးမှု မပြုလုပ်ရန် အများဆုံးအသုံးပြုသော အကြောင်းပြချက်မှာ အရေးယူရန် 'အချက်အလက် မခိုင်လုံ'ခြင်းဖြစ်သည်။[8] ရဲတပ်ဖွဲ့ထက် စစ်တပ်အင်အား ပိုမိုများပြားသော နေရာဒေသများတွင် ဤအခြေခံပေါ်တွင် အမှုအများအပြား ပယ်ချခြင်းခံရပြီး တခါတရံတွင် တရားရုံးပြင်ပတွင် အမှုဖြေရှင်းကျေအေးရန် ကျူးလွန်ခံရသူမှာ ဆက်လက် ဖိအားပေးခံရသည်။

အစိုးရ၏ အမျိုးသမီးများ ဘဝတိုးတက်မြင့်မားရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းတွင် အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် လိင်အကြမ်းဖက်မှု ပပျောက်ရန် အသိပညာပေးရန်နှင့် ယင်းတို့ကို ကာကွယ်ရန်နှင့် အရေးယူ ဆောင်ရွက်ရန် လူထုအဆင့် အစပျိုးမှုများ အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသော်လည်း တိုင်းရင်းသား လူ့အဖွဲ့အစည်းများတွင် ယင်းတို့လုပ်ဆောင်ရန်အတွက် အစိုးရအနေဖြင့် အရင်းအမြစ်များ ချမှတ်ပေးခြင်းမရှိပါ။ ထို့အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများကို ဥပဒေတွင် ထည့်သွင်းထားခြင်း မရှိပေ။ ရလာဒ်မှာ ကျူးလွန်ခံရသူများအတွက် အမှန်တရားနှင့် တာဝန်ခံမှုများ လျစ်လျူရှုခံရခြင်း ဖြစ်သည်။

6 သတင်းရင်းမြစ် - Kantarawaddy Times

7 တူညီသော အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်ခြင်း၊ တူညီသော ပုံစံများ အစီရင်ခံစာတွင် မှတ်ချက် ပြုခဲ့သည့် အတိုင်း။ စာ ၃၄-၃၅။ မြန်မာ့တပ်မတော်စစ်သားများကျူးလွန်ခဲ့သော အသက် ၂၈ နှစ်အရွယ် ကချင်အမျိုးသမီး ဆွမ်လွတ် ရွယ်ဂျာ ပြန်ပေးဆွဲမှုနှင့် ပျောက်ဆုံးမှုနှင့် မိသားစု၏ အသနားခံစာကို ဗဟိုတရားရုံးက ငြင်းပယ်ခြင်းများသည် မြန်မာစစ်တပ် လှုပ်ရှားမှုများတွင် တရားမဝင် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်နေပြီး ယင်းရာဇဝတ်မှုများကို သေချာစုံစမ်းစစ်ဆေးရန် တုံ့ဆိုင်းနေသည့် ရှင်းလင်းသော ဥပမာဖြစ်သည်။ သူမပျောက်ဆုံးပြီး သုံးနှစ်မြောက်သည့် ၂၀၁၄ အောက်တိုဘာ ၂၈ ရက်နေ့အထိ ဆွမ်လွတ်ရွယ်ဂျာ မည်သည့်နေရာတွင် ရှိသည်ကို မသိရသေးပေ။

8 Reuters။ 'မုဒိန်းမှုကို စစ်လက်နက်အဖြစ် မြန်မာအသုံးပြုဆဲ- အမျိုးသမီး အဖွဲ့' ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့။

# အပိုင်း ၂။ အကြောင်းရင်းများ

## တရားမျှတမှုနှင့် တာဝန်ခံမှု

*'စစ်တပ်တွေက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဒါမှမဟုတ် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တာဝန်ခံဖို့ စိတ်မဝင်စားဘူး။ ဗိုလ်ကြီး ဒါမှမဟုတ် အရာရှိက မုဒိန်းမှုကျူးလွန်ခဲ့ရင် သူတို့က ကျူးလွန်ခံရတဲ့သူတွေ အိမ်ကိုသွားပြီး တောင်းပန်ပြီး လျော်ကြေး နည်းနည်းပေးလိမ့်မယ်။ အကြီးဆုံး အရာရှိကတောင် အဲဒီလို လုပ်နေတယ်။ တကယ်လို့ စစ်သားတွေက အုပ်စုလိုက် မုဒိန်းကျင့်တာကို လူသိရှင်ကြားဖြစ်အောင် လုပ်ခဲ့မယ်ဆိုရင် သူတို့ကို အရေးမယူသေးခင်မှာ ချက်ချင်းပဲ တခြားတပ်ကို ပြောင်းပစ်လိုက်လေ့ရှိတယ်။'*

**လားဟူ အမျိုးသမီး အစည်းအရုံးတွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

စာအုပ်စာစောင် အတော်များများတွင် မီးမောင်းထိုးပြပြီး ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် နိုင်ငံအတွင်းရှိ တရားဥပဒေမူဘောင် အပြန်အလှန် ဆက်စပ်မှုသည် မြန်မာစစ်တပ်ကို အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးထားသည်။[9] ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်းတွင် အဓိကကျသော စာသားအတော်များများတွင် စစ်တပ်အနေဖြင့် အရပ်ဖက် တရားရုံးများနှင့် မသက်ဆိုင်ရန် ပြဋ္ဌာန်းထားပြီး တရားဝင် တာဝန်ထမ်း ဆောင်မှု၏ ရလာဒ်အဖြစ် ဖြစ်ပေါ်လာခဲ့သော ရာဇဝတ်မှုများအပေါ် အပြစ်ပေး အရေးယူခြင်းမှလည်း ကင်းလွတ်ခွင့် ပေးထားသည်။ စစ်တပ်က ကျူးလွန်သော လိင်အကြမ်းဖက်မှု၊ မုဒိန်းပြုကျင့်ရန် ကြိုးပမ်းမှု၊ နှိပ်စက်ညှင်းပန်းမှု၊ အတင်းအဓမ္မ ရွှေ့ပြောင်းမှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ အဖြစ်အပျက်များ အားလုံးကို စစ်ခုံရုံးကသာ စီရင်နိုင်ခွင့် ရှိသည်။[10] မကြာသေးမီ ရက်သတ္တပတ်များအတွင်းက လိင်အကြမ်းဖက်မှုတခုကို အရပ်သား တရားရုံးသို့ လွှဲပြောင်းခဲ့သော်လည်း ယင်းသည် နမူနာ ပုံစံတခု ဖြစ်လာမည်ဟု မပြောနိုင်သေးပါ။[11] စစ်ခုံရုံးစနစ် အောက်တွင် ရင်ဆိုင်ရသော အမှုများအတွက် နောက်ဆုံး ဆုံးဖြတ်ချက်မှာ ကာကွယ်ရေးဦးစီးချုပ် လက်ထဲတွင်ရှိပြီး တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ပိုင်ခွင့်မရှိပါ။ ထို့ပြင်သာမက အရပ်သား တရားရုံးများတွင် စီရင်ဆုံးဖြတ်သော အမှုများကို ဆုံးဖြတ်သည့် တရားသူကြီးများမှာ စီမံခန့်ခွဲမှုနှင့် စစ်တပ်၏

9 ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ ၂၀(ခ)၊ ၂၉၃(ခ)၊ ၂၉၄၊ ၃၁၉ နှင့် ၄၄၅ တွင်ကြည့်။

10 ကွတ်ခိုင်မြို့နယ် အခြေစိုက် တပ်ဖွဲ့ဝင်တဦးက အသက် ၁၅ နှစ်အရွယ် ကချင်ကလေးငယ်တဦးကို မုဒိန်းကျင့်သည်ဟူသော စွဲဆိုချက်ဖြင့် စစ်ခုံရုံးက တပ်ရင်းဌာနချုပ်ကို အမိန့်မရပဲ ထွက်ခွာမှုဖြင့် စစ်သားကို ထောင်ဒဏ် ၁ နှစ်ချမှတ်ပြီးနောက် အရပ်ဖက် တရားရုံးသို့ လွှဲပြောင်းပေးခဲ့သည်။

11 ယူကေ အစိုးရ နိုင်ငံခြားရေးနှင့် ဓနသဟာယရုံး၊ 'စိုးရိမ်ဖွယ်ရာ - မြန်မာပြည်။ နောက်ဆုံးထုတ် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်။

# ၂၀၁၀ – ၂၀၁၄ ခုနှစ်အတွင်း မြန်မာတပ်မတော်မှ ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာကျူးလွန်မှုပြ မြေပုံ



ဩဇာသက်ရောက်မှု လုံလောက်စွာ ကင်းလွတ်ခြင်း မရှိသကဲ့သို့ ဘက်လိုက်မှုကင်းခြင်းနှင့် ထိရောက်မှုတို့လည်း မရှိပေ။[12] မြန်မာနိုင်ငံရေး အစိတ်အပိုင်းများ အပြန်အလှန် ဆက်စပ်နေမှုသည်လည်း မြန်မာ့တပ်မတော်ကို အပြစ်ပေး အရေးယူခြင်းမှ လွတ်ကင်းမှုကို ဖြစ်ပေါ်စေသည်။

မြန်မာ့ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ (၃၇၅) နှင့် (၃၇၆) တို့အရ မုဒိမ်းမှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး တရားရုံး အနေဖြင့် ပြစ်မှုကျူးလွန်သော ကျူးလွန်သူကို တသက်တကျွန်း ထောင်ဒဏ်အထိ အပြစ်ပေးအရေးယူနိုင်သော်လည်း ယင်းရာဇဝတ်မှုများကို ကျူးလွန်သော စစ်သားများအား ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးယူမှုများ ကျယ်ကျယ်ပြန့်ပြန့် ရှိမနေသေးပါ။ မြန်မာနိုင်ငံ တရားစီရင်ရေးစနစ်၏ ပွင့်လင်းမြင်သာမှု အားနည်းခြင်းသည် လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူအတွက် အမှန်တရား၊ နစ်နာကြေးနှင့် ပြန်လည်ထူထောင်မှုများ ရရှိနိုင်စွမ်းကို ကျဆင်းစေရုံသာမက ဒေသခံရဲများ၏ ဥပဒေစိုးမိုးရေး အားထုတ်မှုများကိုလည်း ထိခိုက်စေသည်။ ဤစဉ်းစား တွေးခေါ်ပုံသည် တရားစီရင်ရေးအဆင့်ဆင့်၏ နမူနာများအားလုံးတွင် စိမ့်ဝင်နေပြီး ဒေသခံရဲများအနေဖြင့် စစ်သား များအပေါ် ရာဇဝတ်ပြစ်မှုအရ အရေးယူရန် လုပ်ဆောင်ထားသော လုပ်ဆောင်မှုများအား ဆိုးဆိုးရွားရွား သက်ရောက်စေသည်။

*'စစ်တပ်က မုဒိမ်းကျင့်တဲ့သူတွေကို ရဲက 'ဒါဟာ အမှားကလေးပဲ' 'သူတို့ လုပ်ချင်လို့ လုပ်တာမဟုတ်ပါဘူး' ဆိုပြီး ခွင့်လွှတ်လေ့တယ်။ သူတို့က စစ်တပ်နဲ့ပေါင်းပြီး တရားရုံးကို သွားမယ့်အစား ကျူးလွန်ခံရသူကို လျော်ကြေးလက်ခံအောင် လုပ်လေ့ရှိတယ်။'*

**လားဟူ အမျိုးသမီး အစည်းအရုံးတွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

*မွန်ပြည်နယ် ဝဲယက်ကျေးရွာ အနီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် အသက် ၄၃ နှစ်အရွယ် မွန်အမျိုးသမီးတဦးသည် မြန်မာစစ်တပ် အရာရှိတဦး၏ မုဒိမ်းကျင့်ရန် ကြိုးပမ်းမှုကြောင့် ကြီးမား သော ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ အခင်းဖြစ်ပွားရာတွင် ကျကျန်ရစ်ခဲ့သော မှတ်ပုံတင်ကြောင့် ကျူးလွန်သူမှာ အမှတ် ၃၁၅ လက်နက်ကြီး တပ်ရင်းမှ ဒုတပ်ကြပ် ရဲမင်းထွန်းဖြစ်ကြောင်းသိရသည်။ ဒဏ်ရာများ ပြင်းထန်မှုကြောင့် အမျိုးသမီးကို ကျေးရွာဆေးခန်းတွင် ပထမ ကုသပြီး နောက်ပိုင်း မော်လမြိုင်ဆေးရုံနှင့် နောက်ဆုံးတွင် ရန်ကုန်ဆေးရုံတွင် ဆေးကုသခဲ့ရသည်။*

12 ကုလသမဂ္ဂ "အထူးကိုယ်စားလှယ်၏ မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေအပေါ်အစီရင်ခံစာ၊ ယန်ဟီလီး၊ ၂၀၁၄၊ စက်တင်ဘာ ၂၃ ရက်၊ အေ/၆၉/၃၉၈၊ စာ - ၁၈ တွင်ကြည့်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) တူညီသော အပြစ်ပေးအရေးယူမှုမှကင်းလွတ်ခြင်း၊ တူညီသော ပုံစံများတွင်လည်းကြည့်။ စာ ၃၂-၃၃။

*အမှုကို အမှတ် ၃၁၅ လက်နက်ကြီးတပ်ရင်း တပ်ရင်းမှူးကို တိုင်ကြားသည့်အခါ ကျူးလွန်သူကို မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မပြုလုပ်ပါက ဆေးကုသစားရိတ် ကျခံပေးမည်ဟု သူက ကမ်းလှမ်းခဲ့သည်။ အကျိုးဆက်အနေဖြင့် ဝဲယက်ကျေးရွာ အုပ်ချုပ်ရေးမှူးက ကျူးလွန်ခံရသူ အမျိုးသမီး၏ ခင်ပွန်းဖြစ်သူကို အရေးယူတိုင်တန်းခြင်း ပြုလုပ်မည်မဟုတ်ကြောင်း လက်မှတ် ရေးထိုးစေခဲ့သည်။ အမျိုးသမီးမှာ ၂ လကြာအောင် ဆေးရုံတက် ကုသခဲ့ရသည်။*

*စစ်တပ်သတင်းများအရ ကျူးလွန်သူကို ထောင် ၇ နှစ် အပြစ်ပေးသည်ဟု ကြားရသော်လည်း ကျူးလွန်ခံရသူ၏ ရှေ့နေအနေနှင့် မည်သည့် အထောက်အထားကိုမှ မတွေ့ခဲ့ရပါ။ ၂၀၁၄ ခုနှစ် အောက်တိုဘာလအထိ အရပ်ဖက် ကြားနာမှုလုပ်ဆောင်ခဲ့ခြင်း မရှိသကဲ့သို့ ကျူးလွန်သူ မည်သည့် နေရာတွင် ရောက်ရှိနေသည်ကိုလည်း မသိရှိရပါ။*[13]

တရားဝင် တရားစီရင်ရေး စံနစ်တွင် ယုံကြည်မှု တည်ဆောက်ရေး လုပ်ငန်းစဉ်တွင် လူထုအရာရှိများနှင့် အောက်ခြေအဆင့် ပြည်သူတဦးချင်းအကြား အပြန်အလှန် ဆက်ဆံမှုမှာ အရေးကြီးပေသည်။ ဗဟိုအဆင့်တွင် ပွင့်လင်းမြင်သာမှုနှင့် စွမ်းရည်မြှင့်တင်မှုများကို တိုးတက်မြင့်မားအောင် စီမံချက်များ လုပ်ဆောင်နေချိန်တွင် တရားစီရင်ရေး လုပ်ငန်းစဉ်များအတွင်း လူအများအပြား၏ အတွေ့အကြုံတွင် ဥပဒေမဲ့လုပ်ဆောင်မှုနှင့် ခွဲခြားဆက်ဆံမှုများ ဆက်လက်လွှမ်းမိုးလျက် ရှိနေဆဲဖြစ်သည်။ ယင်းသို့ ဖြစ်ရခြင်းမှာ လူထုအရာရှိများအနေဖြင့် ရာဇဝတ်မှု လုပ်ငန်းဆောင်တာများကို အစပျိုးရန် လက်တွန့်နေခြင်းကြောင့်သာမကပဲ မြန်မာနိုင်ငံ၏ တရားစီရင်ရေးတစုံလုံးတွင် လွတ်လပ်မှုမှာ အကန့်အသတ်ရှိနေခြင်းကြောင့်လည်းဖြစ်သည်။[14] စီမံခန့်ခွဲမှုက အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့ဝင်များအပေါ် ဩဇာ အာဏာကျင့်သုံးသော အတိုင်းအတာသည် ရာဇဝတ်မှုများအပေါ် အမှန်တရားနှင့် တာဝန်ခံမှုကို ကျင့်သုံးမှုအပေါ် တိုက်ရိုက်သက်ရောက်လျက်ရှိသည်။[15]

စစ်တပ်အတွက် တာဝန်ခံမှု ကင်းမဲ့နေခြင်းသည် စစ်သားတဦးချင်းကို စစ်ခုံရုံးတင်ပြီး ပျောက်ကွယ်သွားသကဲ့သို့

13 သတင်းရင်းမြစ် - မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း (၂၀၁၄)။ တရားမျှတမှုကို ခြေရာကောက်ခြင်း။ မြန်မာနိုင်ငံ၏ အတိတ်ကို ထင်ဟပ်ခြင်းနှင့် အနာဂတ်အတွက် မျှော်လင့်ခြင်း။ စာ- ၆၁။ ဖြည့်စွက် အချက်အလက်ကို WLB ကွင်းဆင်း ဝန်ထမ်းများမှ ပေးပို့သည်။

14 အသွင်ကူးပြောင်းရေးကာလ အမှန်တရားဖော်ထုတ်ရေး နိုင်ငံတကာ စင်တာ (ICTJ) (၂၀၁၄) မြန်မာအသွင်ကူးပြောင်းရေးတွင် အမှန်တရားဖော်ထုတ်ရေး လမ်းကြောင်းရှာဖွေခြင်း။ စာ - ၇-၈။ နစ်ဆင်၊ အိတ်ချ် ဂျိုလင်း၊ စီ၊ ချစ်စော၊ ကေပီ၊ အောင်လင်း၊ တီ၊ နှင့် အာနီး၊ အမ် (၂၀၁၃) မြန်မာနိုင်ငံ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ။ စာ - ၁၃-၁၅ တွင်လည်း ကြည့်။

15 ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်း၊ ဘိန်းကုန်ကူးမှု ငွေကြေးထောက်ပံ့ခြင်းနှင့် စစ်ဆင်ရေး၊ မြန်မာအစိုးရ၏ နမူနာလုပ်ဆောင်မှု သုံးသပ်ချက်၊ ကချင် အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) (၂၀၁၄)၊ တိတ်တဆိတ်ထိုးစစ်၊ မြန်မာစစ်တပ်၏ မဟာဗျူဟာများက ကချင် မူးယစ်ဆေး ပြဿနာကို ဘယ်လို မီးထိုး ပေးနေသလဲ၊ စာ - ၁၂ နှင့် စာ ၃၅-၃၇။

ပုံမှန် ဖြစ်လျက်ရှိနေသည်။ ရာဇဝတ်မှုတခုအပေါ် စုံစမ်းစစ်ဆေးမှုကို ရဲများက စစ်တပ်ကို လွှဲပြောင်းပေးအပ်လိုက်သည်နှင့် တပြိုင်နက် သူတို့အနေဖြင့် အမှုနှင့်ပတ်သက်သည့် အချက်အလက်များကို အများပြည်သူ သိရှိအောင် လုပ်ဆောင်ရန် တာဝန်ခံခြင်း မရှိတော့ပေ။ ယင်းသို့ဖြင့် ကျူးလွန်ခံရသူ၊ ရဲနှင့် တရားရေးဆိုင်ရာ ကိုယ်စားလှယ်များသည် တရားမျှတမှုရရှိရေးရရန် လုပ်နိုင်ချေမှာ အလွန်အမင်းနည်းပါးသွားသည်ကို အသိအမှတ်ပြုလာရသည်။ ဤပုံစံဖြင့် တရားစီရင်ရေး လုပ်ဆောင်မှုများကို ဆယ်စုနှစ်များစွာ ဖြတ်သန်းလာခြင်းဖြင့် စစ်တပ်တပ်ဖွဲ့ဝင်များ ကျူးလွန်သော ရာဇဝတ်မှုများကို တရားမျှတမှုရရှိရေး ကြိုးပမ်းရန် ကျူးလွန်ခံရသူတွင် ယုံကြည်မှု မရှိပဲဖြစ်လာရသည်။[16]

*၂၀၁၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် စစ်သားနှစ်ဦးက လမ်းပေါ်တွင်မောင်းလာသော အသက် ၁၇ နှစ်အရွယ် 'မဘောက်' ၏ မော်တော်ဆိုင်ကယ်အား တားပြီး ဓါးဖြင့်ထောက်က အနီးဆုံးရွာနှင့် လေးမိုင်ခန့်ဝေးသော လူမရှိသည့် လယ်တဲတခုသို့ အတင်း အဓမ္မမောင်းသွားစေခဲ့သည်။ လွတ်မြောက်ရန် ရုန်းကန်မှုနှင့် အော်ဟစ် အကူအညီတောင်းမှုများလုပ်ခဲ့သော်လည်း စစ်သားများက လယ်တဲတွင် ထပ်ကာ ထပ်ကာ မုဒိန်းပြုကျင့်ခဲ့သည်။ နောက်တနေ့တွင် 'မဘောက်' သည် ထွက်ခွာခွင့်ရခဲ့ပြီး ကျူးလွန်သူနှစ်ဦးကို စစ်တပ်ရှိရာသို့ ပို့ပေးခဲ့ရသည်။ ဖြစ်ပျက်ခဲ့သည်များကို မိသားစုအား ပြောပြပြီးနောက် ချက်ချင်းမိသားစုက ရဲစခန်းသို့ သွားရောက်တိုင်ကြားပြီး ဆေးစစ်ချက် ရယူခဲ့သည်။*

*ခြောက်ပတ်ကြာသောအခါ ရဲများက ကျူးလွန်သူများအပေါ် အမှုဖွင့်အရေးယူထားခြင်းမရှိကြောင်း ထုတ်ပြောခဲ့သည်။ ကျူးလွန်သူထဲမှ တဦးကို မည်သူမည်ဝါ ဖြစ်ကြောင်း ဖော်ထုတ်နိုင်သော်လည်း စစ်တပ်က ရဲနှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့ပြီး စွပ်စွဲခံရသူအား မေးမြန်းခွင့်ကို ငြင်းဆိုခဲ့သည်။ တဆက်တည်းမှာပင် စစ်တပ်က စွပ်စွဲခံရသော စစ်သားမှာ ခွင့်ပြန်နေပြီး မည်သည့်နေရာတွင်ရှိကြောင်းမသိဟု ရှင်းပြခဲ့သည်။ အမှုမှာ ဘီဘီစီ အင်တာဗျူးနှင့် အာရှ လူ့အခွင့်အရေး ကော်မရှင်၏ တောင်းဆိုမှုတို့ကြောင့် လူသိရှင်ကြားဖြစ်ခဲ့သော်လည်း ကျူးလွန်သူအား ယခုထက်တိုင် ကြားနာစစ်ဆေးရန် ခေါ်ယူခြင်းမရှိပဲ မိသားစုမှာသာ ရဲများ၏ အနီးကပ်စောင့်ကြည့်ခြင်း ခံနေရသည်။[17]*

16 ပလောင် အမျိုးသမီး အဖွဲ့သည် ၂၀၁၄ ခုနှစ် ဇန္နဝါရီလမှ စတင်၍ ရှမ်းပြည်မြောက်ပိုင်း ပလောင်ဒေသအတွင်း အစိုးရက ကျူးလွန်သော လိင်အကြမ်းဖက်မှု သီးခြားအမှု ၂ ခုကို မှတ်တမ်းတင်ထားသည်။ ကျူးလွန်ခံရသူ နှစ်ဦးလုံးက လူအများသိရှိပါက တရားရေး လုပ်ငန်းစဉ်များတွင် သက်ရောက်မှုများ ဖြစ်လာမည်နှင့် ဒေသခံ အာဏာပိုင်တို့၏ တုန့်ပြန်မှုများကို စိုးရိမ်သဖြင့် သူတို့အမှုများကို လျှို့ဝှက်ထားရန် တောင်းဆိုခဲ့ကြသည်။ သတင်းရင်းမြစ်- ပလောင် အမျိုးသမီး အဖွဲ့။

17 သတင်းရင်းမြစ် - အာရှ လူ့အခွင့်အရေး ကော်မရှင်၊ 'ဆယ်ကျော်သက် မိန်းကလေးကို မုဒိန်းကျင့်သော စစ်သားများ အရေးယူ မခံရ'၊ ၂၀၁၄ ခုနှစ် မေ ၂၇ ရက်၊ ဖြည့်စွက် အချက်အလက်များကို WLB ကွင်းဆင်းဝန်ထမ်းများက ပေးပို့သည်။

တရားစီရင်ရေး လုပ်ငန်းစဉ်များအတွက် ငွေကုန်ကြေးကျများခြင်းသည်လည်း တရားစွဲဆိုခြင်းများကို လူအများ မပြုလုပ်လိုသည့် အရေးကြီးသည့် အကြောင်းရင်းတခုဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်ခံရသူ အများ အပြားအတွက် အတားအဆီးသဖွယ်ဖြစ်နေသည့် ကုန်ကျစရိတ်များ၊ ရှေ့နေခ၊ ခရီးသွားလာစရိတ်နှင့် မိသားစု များအား ပံ့ပိုးရန်အတွက် အလုပ်ဆက်လုပ်ရန် လိုအပ်နေခြင်းနှင့် ကလေးစောင့်ရှောက်စရိတ်များသည် အမှန် တရားကို ရှာဖွေမည် မရှာဖွေမည်ကို ရွေးချယ်ရာတွင် ကြီးမားသော ဝန်ထုပ်ဝန်ပိုးများ ဖြစ်စေသည်။ ပွင့်လင်း မြင်သာမှုနည်းပါးသော စစ်ခုံရုံးများတွင် အမှုအခင်းအများစုကို အဆုံးသတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း တို့ကြောင့် ကျူးလွန်ခံရသူများသည် သူတို့အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် အမှန်တရားကို ငြင်းပယ်ခံရမှုများ အစဉ်အလာလို ဖြစ်လာခဲ့သည်။ စစ်တပ်အပေါ် တရားစွဲဆိုပြီး အမှန်တရား ထုတ်ဖော်မှုတွင် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်မည်ကို သိရှိနေခြင်းနှင့် အဓိပ္ပါယ်ရှိသည့် အမှန်တရားရရန် အခွင့်အလမ်း အနည်းငယ်သာ ရှိမှုတို့ကြောင့် ကျူးလွန်ခံရသူ အများအပြားမှ တိတ်တဆိတ်သာ နေတတ်ကြခြင်းဖြင့် ပွင့်လင်း မြင်သာမှုနှင့် တာဝန်ခံမှုသည် အဆင့် တိုင်းတွင် ပိုမိုနည်းပါးသွားစေသည်။

*ကျူးလွန်ခံရသူက တရားရုံးမှာ အမှုတိုင်ကြားတဲ့အခါ သူတို့ မိသားစုတွေ ဆင်းရဲသွားကြတယ်။ မိသားစုတွေ အနေနဲ့ ရှေ့နေခပေးဖို့ ရှိသမျှကို ရောင်းကြရတယ်။ ဒါကြောင့် တရားရုံးမှာ အရေးယူခံရတဲ့လူက နည်းတယ်။ တကယ်လို့ ဆင်းရဲတာကို ရွေးမလား တရားမျှတမှု မရှိတာကို ရွေးမလားဆိုရင် အများစုက တရားမမျှတမှု ကိုပဲရွေးချယ်လိုက်ရတယ်။’*

**ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ စက်တင်ဘာ။**

အောက်ခြေအဆင့်တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုစနစ်များကို အားဖြည့်ရာတွင် လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးပါလာသည်။ ယင်းအဖွဲ့အစည်းများသည် ကျူးလွန်ခံရသူများ၏ ဥပဒေကြောင်းအရ တရားစွဲဆိုမှုအတွက် ငွေကြေးအထောက်အပံ့ပေးရုံသာမက (အစိုးရ၏ အမျိုးသား မဟာဗျူဟာတွင် ဖော်ပြထား သကဲ့သို့) လူ့အဖွဲ့အစည်းအတွင်း အသိပညာများမြှင့်တင်ခြင်း၊ တာဝန်ခံမှု ဓလေ့ထုံးစံတခုကို တည်ဆောက်ခြင်း နှင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ ဥပဒေများအပေါ် တာဝန်ရှိမှုကို သိနားလည်လာစေရေးတို့အတွက်ပါ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သို့ရာတွင် ယင်းရည်မှန်းချက်များ ရရှိအောင် ဆောင်ရွက်နေသော လူ့အခွင့် အရေး ကာကွယ်စောင့်ရှောက်သူများကို ပစ်မှတ်အဖြစ် သတ်မှတ်ခံနေရဆဲဖြစ်သည်။[18]

18 သတင်းရင်းမြစ် - မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၊ တရားမျှတမှုကိုခြေရာကောက်ခြင်း။ မြန်မာနိုင်ငံ၏ အတိတ်ကို ထင်ဟပ်ခြင်းနှင့် အနာဂတ်အတွက် မျှော်လင့်ခြင်း။ စာ- ၁၃-၁၄။

*'ကွင်းဆင်းဝန်ထမ်းတွေကို သွားတွေ့ခိုင်းတယ်။ ဒါပေမယ့် သူတို့ကဖြစ်လာမှာကို ကြောက်ကြတယ်။ အလားတူပဲ အဲဒီအိမ်ကို ရောက်ဖို့ သူတို့တွေက စစ်တပ်ထိန်းချုပ်ထားတဲ့ နေရာ တွေကို ဖြတ်သွားရတယ်။ ဆိုလိုတာက သူတို့အနေနဲ့ အကြမ်းဖက်မှု ဒါမှမဟုတ် ချိုးဖောက်ခံရမယ့် အန္တရာယ် ကြုံကြရတယ်။'*

**နော်အုန်းလှ၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ကွန်ယက် (DPN)၂၀၁၄ ခုနှစ် ဩဂုတ်လ။**

မြန်မာနိုင်ငံတလွှားရှိ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများအရ ဦးသိန်းစိန် အစိုးရလက်ထက်တွင် အာမခံချက်ပေးထားသော တရားဥပဒေအခွင့်အလမ်းသည် ယင်းတို့တွေ့ကြုံနေရသော အနှောက်အယှက် အတိုင်းအတာကို လျော့နည်းသွားစေခြင်း မရှိသည်ကို တွေ့ရသည်။ ယင်းသည် မြန်မာအစိုးရ၏ လက်ရှိ ချဉ်းကပ်ပုံကို ဖော်ပြနေသည်။ နိုင်ငံတကာက အသိအမှတ်ပြုသော ဥပဒေပြုရေးအဆင့်ကို လုပ်ဆောင်သော်လည်း အောက်ခြေတွင် ဖြစ်ပျက်နေသော ကြောက်မက်ဖွယ် လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်နေမှုများကို ဆက်လက်လျစ်လျူရှုထားသည်။ အစိုးရက အကာအကွယ်ပေးရန် ကတိကဝတ်ပြုထားသော အခွင့်အရေးချိုးဖောက်မှုများ ပုံမှန်ဆက်ရှိနေခြင်းသည် မြန်မာနိုင်ငံ တဝှမ်းတိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွင်း အသွင်လက္ခဏာအဖြစ် ဆက်လက်ရှိနေဆဲဖြစ်သည်။ မကြာသေးမီ လများအတွင်းက မြေယာသိမ်းဆည်းမှုများသည် ယင်းကို ပိုမိုထင်ရှားစေသည့် အထောက်အထားတခုဖြစ်သည်။ ယင်းသည်ပင် တိုင်းရင်းသား လူ့အဖွဲ့အစည်းများအတွင်း စစ်တပ်များ ပိုမိုတိုးပွားမှုအတွက် အရေးပါသော အကြောင်းရင်းခံတခုဖြစ်ပြီး တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပိုမိုတိုးပွားစေရန် တွန်းအားဖြစ်စေသည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခြင်း

*'ကျွန်မတို့ စစ်တပ်နဲ့ ပြည်သူ့စစ်တွေရဲ့ မြေယာသိမ်းမှုတွေ၊ နှိပ်စက်တာတွေ မူးယစ်ဆေးဝါး ကိစ္စတွေနဲ့ အကြမ်းဖက်မှုတွေ အများအပြားကို တွေ့ရတယ်.. တကယ်လို့ မြေသိမ်းခံရတယ်ဆိုရင် ပြန်တောင်းချင်တဲ့ လူက ပိုင်ဆိုင်တဲ့အကြောင်း စာရွက်စာတမ်းတွေ ပြရတယ်။ ဒါပေမယ့် လူတွေက ဘာစာရွက်စာတမ်းမှ မရှိပဲ သားစဉ်မြေးဆက် မြေယာတွေကို လုပ်ခဲ့ကြတာဖြစ်ပြီး အရင်တုန်းကလဲ အဲဒါတွေ ဘယ်တုန်းကမှ မလိုခဲ့ဘူး။ ဒါတွေ မရှိတဲ့အတွက် ရဲတွေက သူတို့တောင်းဆိုတာကို အရေးယူ စုံစမ်းမပေးဘူး။'*

**လားဟူ အမျိုးသမီးအစည်းအရုံးတွေ့ဆုံမေးမြန်းမှု။**

တူညီသော အပြစ်ပေးအရေးယူမှု ကင်းလွတ်ခြင်း၊ တူညီသော ပုံစံများ အစီရင်ခံစာထုတ်ဝေပြီး နောက်ပိုင်းမှစ၍ မြေယာသိမ်းဆည်းမှုများနှင့် အိုးအိမ်မဲ့များ မြန်မာပြည်အနှံ့တိုးပွားလာနေခြင်းအပေါ် နိုင်ငံတကာ အသိုင်းအဝိုင်း၏ စိုးရိမ်ပူပန်မှုများ တိုးပွားလာနေခဲ့သည်။[19] အစိုးရစစ်တပ် အခြေစိုက်စခန်းများကို အင်အားတိုးချဲ့ခြင်းအားဖြင့် အရပ်သားများ၏ လုံခြုံရေးအန္တရာယ် ပိုမိုဆိုးဝါးလာစေလျက်ရှိပြီး စစ်ဆင်ရေးထိုးစစ်များနှင့် လိင်အကြမ်းဖက်မှုများ တိုက်ရိုက်ဆက်နွယ်နေသည်ကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ အဖွဲ့ဝင်အဖွဲ့အစည်းများက ပြည့်စုံ လုံလောက်စွာ မှတ်တမ်းတင်ထားခဲ့ပြီးဖြစ်သည်။[20] မကြာသေးခင်နှစ်များအတွင်း အစိုးရအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအများအပြားနှင့် အပစ်အခတ်ရပ်စဲရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း အပစ်အခတ်ရပ်စဲရေးဒေသများအတွင်း စစ်အင်အားများ ပိုမိုတိုးပွားလာလျက် ရှိနေသည်။[21]

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ၊ မြေယာသိမ်းဆည်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်စပ် နေခြင်းသည် တိုင်းရင်းသားပြည်သူလူထုအတွက် အဓိကစိုးရိမ်မှုအဖြစ် ဆက်လက်ရှိနေခဲ့ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်အတွက် အရေးပါသော ကိစ္စရပ်လည်း ဖြစ်သည်။ နိုင်ငံတကာမှ ငွေကြေးထောက်ပံ့မှု ပြုလုပ်ထားသော "ဖွံ့ဖြိုးရေး စီမံကိန်းများ"ကို ဒေသခံ ပြည်သူလူထုနှင့် အဓိပ္ပါယ်ရှိသော ဆွေးနွေးညှိနှိုင်းမှု မရှိပဲ သဘာဝ သယံဇာတ အရင်းအမြစ်ပြဿနာများ ဆွေးနွေးညှိနှိုင်းမှု စားပွဲဝိုင်းသို့ မရောက်ရှိလာသေးပဲ ဆက်လက် လုပ်ဆောင်လာနေခြင်းသည် ယင်းစိုးရိမ်ပူပန်မှုများကို ပိုမိုတိုးများလာစေသည်။[22] ယင်းမသေချာ မရေရာမှုများနှင့် အတူ အပစ်အခတ်ရပ်စဲရေး ဒေသအများအပြားတွင် ငြိမ်းချမ်းရေး ဖြစ်မလာသည့်အပြင် တပ်အင်အားများ တိုးများ လာပြီး လိင်အကြမ်းဖက်မှုများ ပိုမိုတိုးများလာလျက်ရှိသည်။

ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြေယာများ အများအပြား လိုအပ်ရုံသာမက ရင်းနှီးမြှုပ်နှံမှု နေရာများ၏ လုံခြုံရေး အာမခံချက်ရှိစေရန် လုံခြုံရေး တပ်ဖွဲ့ဝင်များကိုလည်း ချထားလာရသည်။ ယင်းသည်

19 ကယ်ဗင် ဝုဒ်စ်။ 'မြေယာသိမ်းယူမှုများ၏ နိုင်ငံရေး ခန္ဓာဗေဒ၊ မြန်မာတိုင်းမ်စ်။ ၂၀၁၄ ခုနှစ် မတ် ၁၀ ရက်။ အစိုးရ၏ "အမျိုးသား မြေယာအသုံးပြုရေး မူဝါဒ မူကြမ်း" ဖြန့်ဝေခြင်းသည် နိုင်ငံတကာအဖွဲ့အစည်းများကို 'အမျိုးသား မြေယာအသုံးပြုရေးမူဝါဒ၏ အဓိက ရည်ရွယ်ချက်မှာ နိုင်ငံခြား တိုက်ရိုက် (အကြီးစား) ရင်းနှီးမြှုပ်နှံမှုများများ ရရှိနိုင်ရန် တည်ဆောက်ပုံ ပတ်ဝန်းကျင်ကို ဖော်ဆောင်ခြင်း ဖြစ်ပုံရပြီး သန်းနှင့်ချီသော လယ်သမားများအတွက် ကြီးမားသော ထိခိုက်မှု ရှိစေနိုင်သည်။... ' နိုင်ငံတကာ အဖွဲ့အစည်း 'စီးပွားရေး လိုလားသလား ဆင်းရဲသားများကို လိုလားသလား။ အမျိုးသား မြေယာအသုံးပြုမှုမူဝါဒကို အဓိပ္ပာယ် ဖော်ဆိုခြင်း' ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၃ရက်။

20 ဖရီးဘားမား ရိန်းဂျား။ 'ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မြန်မာ့တပ်မတော် နောက်ဆုံး အခြေအနေ'၊ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၇ ရက်။

21 ဥပမာ - ၂၀၁၂ ခုနှစ် အစောပိုင်းက အပြန်အလှန် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနောက်ပိုင်းတွင် ဖာပွန်မြို့နယ်အတွင်း မြန်မာ့တပ်မတော် စစ်စခန်း ၁၀ ခုကို တည်ထောင်ခဲ့သည်။ The Border Consortium (၂၀၁၄)၊ အစီအစဉ် အစီရင်ခံစာ ဇန္နဝါရီ - ဇွန် ၂၀၁၄၊ စာ ၁၃။

22 ကရင်ငြိမ်းချမ်းရေး ပံ့ပိုးမှုကွန်ယက် (၂၀၁၄) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသအတွင်း ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ ဖွံ့ဖြိုး တိုးတက်ရေး ပုံကြမ်းကို ဝေဖန်ခြင်း။

မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူ့စစ်များကို တိုင်းရင်းသား ဒေသများအတွင်းရှိ ယင်းတို့၏ "ဖူလုံရေး" စီမံကိန်းများကို[23] ငွေကြေးထုတ်ပေးသည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် ဤလုပ်ငန်းစဉ်အတွင်း လက်တွဲဖော်များဖြစ်လာစေသည်။ အပစ်အခတ်ရပ်စဲရေး ဧရိယာများအတွင်း စစ်အင်အားများတိုးများလာခြင်းသည် အိုးအိမ်မဲ့မှုနှင့် လိင်အကြမ်းဖက်မှုများအပေါ် ကြောက်ရွံ့မှုများကို အသစ်တဖန်ပြန်ဖြစ်စေပြီး အဆိုးရွားဆုံး နောက်ဆက်တွဲ ပျက်စီးမှုများကို ဖြစ်စေသည့် ရွှေ့ပြောင်းမှုနှင့် လူကုန်ကူးမှုများကိုလည်း ဖြစ်စေသည်။[24]

> *'၂၀၁၃ ခုနှစ်အတွင်းမှာ အိုးအိမ်စွန့်ပစ် ထွက်ခွာကြရသူတွေအနေနဲ့ ထွက်ပြေးရတဲ့ အဓိက အကြောင်းရင်းတွေထဲမှာ လိင်အကြမ်းဖက်မှုလည်း ပါဝင်ပါတယ်။ ထွက်ပြေးတဲ့ အချိန်မှာကော အိုးမဲ့အိမ်မဲ့ အခြေအနေမှာပါ အရပ်သားတွေဟာ လိင်အကြမ်းဖက်မှု အန္တရာယ် ဆက်ရှိနေပါတယ်။ အထပ်ထပ် အကြိမ်ကြိမ် ရွှေ့ပြောင်းရပြီး ရေရှည်ဖြစ်လာတဲ့အခါ လိင်အကြမ်းဖက်မှုနဲ့ မုဒိန်းပြုကျင့်မှုတွေကို ကာကွယ်နိုင်တဲ့ ထိရောက်တဲ့ ယန္တရားတွေဟာ လုံးဝမရှိတာမျိုး ဒါမှမဟုတ် အကန့်အသတ်ရှိတာမျိုး ဖြစ်လာတယ်။'*[25]

တိုင်းရင်းသားလူမျိုးစုများနှင့်အစိုးရစစ်တပ်အကြားမယုံကြည်မှုသည်နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်လျက်ရှိသည်။ မြန်မာ့တပ်မတော်၏ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဖြစ်ပွားခဲ့သော နှစ်ပေါင်းရှည်ကြာ ပဋိပက္ခသမိုင်းကြောင်းအတွင်း အရပ်သားများကို ပစ်မှတ်ပြုလုပ်ခြင်းသည် ထင်းခွေ၊ ရေခပ်ကဲ့သို့ ပုံမှန်အကျဆုံး လုပ်ငန်းများလုပ်ဆောင်ရာတွင်ပင် အကြောက်တရား မြှုပ်နှံထားသကဲ့သို့ဖြစ်ခြင်းကြောင့် မဖိတ်ခေါ်သော အကြမ်းဖက်မှုများကို ရရှိစေသည်။[26] ရှမ်းပြည်နယ် အရှေ့ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာစစ်တပ်နှင့် ပြည်သူ့စစ်အမြောက်အများကို ငွေကြေးပံ့ပိုးမှုများပေးလျက်ရှိပြီး တရားဝင် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်လျက် ပြုမူဆောင်ရွက်ခြင်းတို့ကြောင့် တိုက်ရိုက် နောက်ဆက်တွဲ အကျိုးဆက်အဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုမျာကို တိုးပွားစေသည်။[27] ထို့အပြင် တိုင်းရင်းသားဒေသများအတွင်း ရင်းနှီးမြှုပ်နှံမှုများသည် တိုင်းရင်းသား လူ့အဖွဲ့

23 The license given to the Burma Army to 'build its own industrial and technological base' following the passage of the State-Owned Economic Enterprise Law in 1989 has been key to the mass land confiscation across ethnic regions of Burma. See Aung Myoe, M. (2009) Building the Tatmadaw: Myanmar armed forces since 1948. Singapore: Institute of Southeast Asian Studies, and; Taylor, R. (2008) The State in Myanmar. Hawaii: University of Hawaii Press

24 See Karen Rivers Watch(2014) Afraid to go Home: Recent Violent Conflict and Human Rights Abuses in Karen State

25 အထွေထွေ အတွင်းရေးမှူးချုပ် အစီရင်ခံစာ (၂၀၁၄)၊ "ပဋိပက္ခနှင့် ဆက်နွယ်သော လိင်အကြမ်းဖက်မှု"၊ စာ ၂၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ

26 ကရင်ငြိမ်းချမ်းရေး ပံ့ပိုးမှုကွန်ယက် (၂၀၁၄) မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသအတွင်း ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ ဖွံ့ဖြိုးတိုးတက်ရေး ပုံကြမ်းကို ဝေဖန်ခြင်း။ စာ ၁၃။

27 လားဟူ အမျိုးသမီး အစည်းအရုံးတွေ့ဆုံမေးမြန်းချက်။ ၂၀၁၄ စက်တင်ဘာ။

အစည်းများ၏ အမှန်တကယ် လိုအပ်ချက်နှင့် မြန်မာ့စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်ချက်ဖြစ်သော တနည်းအားဖြင့်ဆိုသော် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် နေပြည်တော်က တိုင်းရင်းသားဒေသများတွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိစေရန် ဗဟိုချက်မဖြစ်သော အခြေခံအဆောက်အဦးဖွံ့ဖြိုးတိုးတက်မှု လက္ခဏာကို အနည်းအကျဉ်းသာ တွေ့ရှိရသည်။[28]

မြန်မာနိုင်ငံအတွင်း လိင်အကြမ်းဖက်မှုနှင့် ကျား၊မတန်းတူညီမျှမှုမရှိခြင်းတို့၏ အခြေခံ အကြောင်းရင်းများကို တိုက်ဖျက်ရန် အစိုးရ၏ ကတိကဝတ်များရှိသော်လည်း တိုင်းရင်းသူ အမျိုးသမီးများအနေဖြင့် ယနေ့အချိန်ထိ ယင်းတို့၏ နေ့စဉ်ဘဝများကို စစ်တပ်မှ ဆက်လက်ဖိနှိပ် နှောက်ယှက်မှုများနှင့် ကြုံတွေ့နေရသည်။ ထို့အပြင် ၎င်းတို့ရပ်ရွာတွင် စစ်တပ် တပ်ဖွဲ့ဝင်များ ပိုမိုများပြားလာပြီး လိင်အကြမ်းဖက်မှုဆိုင်ရာ အမှန်တရားရှာဖွေ ဖော်ထုတ်မှု နည်းလမ်းများမရှိပဲ စစ်တပ်၏ တာဝန်ရှိသူများပါဝင်သည့် အကြမ်းဖက်ကျူးလွန်မှုများကို ဆက်လက် ခံစားကြုံတွေ့နေရ သည်။

လက်ရှိအခြေအနေတွင် ဦးသိန်းစိန် အစိုးရက သတ်မှတ်ပြဋ္ဌာန်းပြီး စစ်တပ်က လုံခြုံမှုကို ပေးထားသော "စီးပွားရေး ဖွံ့ဖြိုးမှု" သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသူ အမျိုးသမီးများ၏ အခြေခံ လူ့အခွင့် အရေးများအပေါ် ငြင်းပယ်မှုကို ဖော်ဆောင်လျက်ရှိသည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို အဆုံးသပ် စေရန်နှင့် နိုင်ငံတလွှား ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်သည့်လုပ်ငန်းစဉ်များကို မြှင့်တင်သွားမည်ဆိုသည့် ကတိကဝတ်အများအပြားရှိသော်လည်း ယင်းမှာ စိန်ခေါ်မှုတရပ်အဖြစ် တည်ရှိနေလျက်ရှိသည်။

28 ကွင်းဆင်းဝန်ထမ်းတဦး တွေ့ဆုံမေးမြန်းမှုတွင် မှတ်ချက်ပြုသည့်အတိုင်း 'ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံမှုတွေ ယူလာတယ် ဆိုပေမယ့် ကားလမ်းတွေ၊ လျှပ်စစ်သွယ်တန်းမှု၊ ဆေးရုံ သို့မဟုတ် ကျောင်းများမှာ ပြောင်းလဲမှု မရှိပါ။ ဖောက်လုပ်သည့် လမ်းများမှာ ယင်းတို့ စီးပွားရေး အတွက်လိုအပ်သော လမ်းများသာဖြစ်သည်။ လားဟူ အမျိုးသမီး အစည်းအရုံးတွေ့ဆုံမေးမြန်းချက်။ ၂၀၁၄ စက်တင်ဘာ။

# အပိုင်း ၃။ အစိုးရ ကတိကဝတ်များနှင့် အကောင်အထည်ဖော်မှု

## အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူညီစာချုပ် (CEDAW)

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ စာချုပ်အများအပြားအနက် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးတားသောနိုင်ငံဖြစ်သည်။ ယင်းအရ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေးအတွက် ဥပဒေအရလည်းကောင်း လက်တွေ့အရလည်းကောင်း လုပ်ဆောင်ရန် ကတိကဝတ်ပြုထားကြသည်။ ၂၀၀၈ ခုနစ်တွင် စီဒေါကော်မတီသည် သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံက အားနည်းလျက်ရှိသော ဧရိယာအများအပြားကို သတိပြုမိခဲ့သည်။ အစိုးရ၏ မကြာသေးမီက အမျိုးသမီးဘဝမြှင့်တင်ရေး အမျိုးသား မဟာဗျူဟာ စီမံကိန်းသည် ၂၀၀၈ ပြန်လည်သုံးသပ်မှုမှ ဖော်ထုတ်လိုက်သော အကြောင်းအရာအများအပြားကို တိုက်ရိုက်တုန့်ပြန်ထားသည်ကို တွေ့ရသော်လည်း အစိုးရ၏ အကောင်အထည်ဖော်မှု အားနည်းချက်များက စီဒေါကော်မတီ၏ အဓိကကျသော  အကြံပြုချက် အစိတ်အပိုင်းအများအပြားကို လျစ်လျူရှုထားသကဲ့သို့ ဖြစ်စေသည်။ လိင်အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်တည်ရှိနေသည်၊ မြန်မာနိုင်ငံအတွင်း တိုင်းရင်းသူအမျိုးသမီးများမှာ အမှန်တရားဖော်ထုတ်မှုနှင့် တာဝန်ခံမှုကို ငြင်းပယ်ခံနေရပြီး စနစ်တကျ ခွဲခြားဆက်ဆံမှုများကို ဆက်လက်ခံစားနေရသည်။

အမျိုးသမီးများ အခွင့်အရေးအတွက် လိုအပ်သော လူသားနှင့် ငွေကြေးအရင်းအနှီးများ အာမခံရန် တုန့်ဆိုင်းနေခြင်းသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဆက်ရှိနေစေသည်၊ အကြမ်းဖက်မှု ကျူးလွန်သူများအား အပြစ်ပေး အရေးယူခြင်းမှ ကင်းလွတ်စေသည်၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးအတွက် အားသွန်ခွန်စိုက် လုပ်ဆောင်လိုသည့် အုပ်စုများကို ဘေးဖယ်ထားမှုများ ဖြစ်စေသည်။ ပိုမို၍ မှားယွင်းသည်မှာ အမျိုးသမီးများအား ဖိနှိပ်မှုကို တည်ဆောက်ထားသည့် တရားစီရင်ရေးနှင့် လွှတ်တော်တည်ဆောက်ဖွဲ့စည်းပုံတို့ကို ပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်သော အရေးယူဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်မှု အနည်းငယ်သာရှိသည်။ စီဒေါကော်မတီက မှတ်ချက်ပြုထားသကဲ့သို့ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံ

အခြေခံဥပဒေသည် ကျား၊ မ တန်းတူညီမျှမှု မရှိခြင်းကို တရားဝင်အာမခံချက်ပေးရန်အတွက် ထူးထူးခြားခြား တည်ရှိနေသည်။[29] ယင်းမညီမျှမှုကို မြန်မာ့တပ်မတော်နှင့် နိုင်ငံတော်၏ မူဝါဒများအပေါ် လွှမ်းမိုးသက်ရောက်သော ဩဇာအာဏာတို့က အားဖြည့်ပေးလျက်ရှိသည်။

အမျိုးသမီးစစ်လေ့ကျင့်ရေးကျောင်းကို အမျိုးသမီးများအတွက် ဖွင့်လှစ်ပေးခဲ့ခြင်းသည် ကျားမတန်းတူရေးကို ရှေ့ရှုသော လက္ခဏာတရပ်အဖြစ်မြင်ရသော်လည်း အမျိုးသမီး ဗိုလ်လောင်းများ ဖြစ်လာရေးအတွက် ဝင်ခွင့်မှာမူ အလွန်ပင် တင်းကြပ်လွန်းပေသည်။[30] ယင်းသတ်မှတ်ချက်များကို ပြည့်မီသူများပင်လျှင် လက်တွေ့တွင် မြန်မာ့တပ်မတော်အတွက် သီးသန့်ထားသော ဝန်ကြီးဌာနများအတွင်းရှိ ဩဇာအလွှမ်းဆုံး နေရာများကိုမူ ချန်လှပ်ထားပေသည်။[31] ဖွဲ့စည်းပုံအခြေခံ ဥပဒေပြဋ္ဌာန်းချက်အရ "အမျိုးသားများအတွက်သာ သင့်လျော်သော နေရာများကို အမျိုးသားများကိုသာ တာဝန်ပေးအပ်ရမည်" ဟု ဖော်ပြထားခြင်းကြောင့် ဖြစ်သည်။[32] ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမတသည် စစ်ရေးအမြင်ရှိရမည်ဟု သတ်မှတ်ထားသည်။ ယင်းကို အကြမ်းဖျဉ်းအားဖြင့် မြန်မာ့တပ်မတော် အတွင်းတွင် အတွေ့အကြုံရှိရမည်ဟု ကျယ်ကျယ်ပြန့်ပြန့်နားလည်ထားကြသည့်အတိုင်း ယင်းသည် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အများစုကိုလည်း သမတဖြစ်ခွင့် အလှမ်းဝေးသွားစေသည်။ ထို့အပြင် အထက်တွင် ဖော်ပြသကဲ့သို့ အရပ်သားများအား ဖယ်ထုတ်ထားခြင်းသည်လည်း လိင်အကြမ်းဖက်မှုများနှင့် အခြားလူ့အခွင့် အရေးချိုးဖောက်မှုများအပေါ် ကျူးလွန်သူများအား ကင်းလွတ်ခွင့်ရှိစေသည့် ပတ်ဝန်းကျင်ကို ဖြစ်စေသည်။ အားလုံးကို စုစည်းလိုက်သည့် အခါတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အသံကို မည်သည့်အခါမျှ မကြားရစေရန် အာမခံထားခြင်းသာဖြစ်သည်။[33]

မကြာသေးမီလများအတွင်းက အိမ်ထောင်ဖက်ကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်နှင့် ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်သော အစွန်းရောက်သော ဥပဒေပြုရေး ဆောင်ရွက်ချက်များ တင်ပြဆွေးနွေးလာသည်ကို

29 အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ကော်မတီ (စီဒေါကော်မတီ)၊ အမျိုးသမီးများအပေါ်ခွဲခြားမှု ပပျောက်ရေး အဆုံးသတ်တွေ့ရှိချက်များ၊ မြန်မာ၊ ကုလ စာတမ်း၊ စီဒေါ/စီ/အမ်အမ်အာရ်/စီအို/3 (၂၀၀၈ ခုနှစ် နိုဝင်ဘာ ၇ ရက်)

30 အမျိုးသမီးတပ်ဖွဲ့ဝင်သစ်များသည် 'အိမ်ထောင်မရှိ၊ အသက် ၂၅-၃၀၊ အနည်းဆုံး အရပ် ၁.၆ မီတာနှင့် ကိုယ်အလေးချိန် ၅၉ ကီလိုဂရမ်ထပ်မပိုရ' သူတို့ကို တိုက်ခိုက်ရေး လုပ်ငန်းများ ကန့်သတ်ထားသည်။ ဧရာဝတီ သတင်း၊ 'နှစ် ၅၀ အတွင်း မြန်မာ့ တပ်မတော်က အမျိုးသမီး အရာရှိများကို ပထမဆုံး လက်ခံ' ၂၀၁၄ ခုနှစ် ဩဂုတ် ၂၉။

31 ယင်းတို့တွင် ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနများ ပါဝင်သည်။

32 ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေ (၂၀၀၈) အခန်း ၈။ ပုဒ်မ ၃၅၂။

33 ကမ္ဘာ့တဝှမ်း တရားမျှတရေး စင်တာ (၂၀၁၂)၊ မြန်မာ ဖွဲ့စည်းပုံအခြေခံဥပဒေက အမျိုးသမီး အခွင့်အရေးများ အာမခံချက်ပေးသော နိုင်ငံတကာ ဥပဒေများကို မည်သို့ ချိုးဖောက်သနည်း။ စာ ၄။

တွေ့ရပြီး[34] ၂၀၁၃ ဒီဇင်ဘာမှစတင်၍ ရေးဆွဲမှုလုပ်ဆောင်နေခဲ့သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး ဥပဒေပြဋ္ဌာန်းမှုအတွက်လည်း နှောင့်နှေးကြန့်ကြာနေခဲ့သည်။ မြန်မာနိုင်ငံ ဥပဒေများအောက်တွင် အမျိုးသမီးများမှာ အခွင့်အရေးများ နည်းပါးနေရသည်။ အိမ်ထောင်အတွင်း မုဒိန်းမှုမှာ အသက် ၁၄ နှစ်အောက်ဖြစ်မှသာ မုဒိန်းမှုမြောက်သည်၊ အလုပ်ခွင်အတွင်း လိင်စော်ကားမှု သို့မဟုတ် အိမ်တွင်းအကြမ်းဖက်မှုကို ကာကွယ်သော တိကျသည့် ဥပဒေ မရှိသေးပေ၊ ထို့အပြင် အကြမ်းဖက်လိုသော အမျိုးသားများအား တားဆီးမှုအတွက် အမျိုးသမီးများ အနေဖြင့် အမိန့်အာဏာ တောင်းခံနိုင်ခြင်းမရှိသေးပါ။ ယင်းတို့နှင့် တပြိုင်တည်းတွင်ပင် မြန်မာနိုင်ငံသည် စီဒေါကော်မတီ၏ အကြံပြုချက်များဖြစ်သော "ခိုင်မာသည့် တန်းတူညီမျှရေး" သို့ ရှေးရှုသည့် လုပ်ဆောင်ချက် အနည်းငယ်သာ လုပ်ဆောင်သေးသည်။[35]

ကော်မတီ၏ အကြံပြုချက်များ ပုံနှိပ်ဖြန့်ဝေပြီး (၆) နှစ်အကြာတွင် အာဆီယံနှင့် ကမ္ဘာတဝှမ်းအတိုင်း အတာအရ မြန်မာနိုင်ငံသည် နိုင်ငံအဆင့်နှင့် အောက်ခြေအဆင့် အုပ်ချုပ်မှုများတွင် အမျိုးသမီးကိုယ်စားပြုမှု အနည်းဆုံး နိုင်ငံတခုအဖြစ်သာ တည်ရှိနေဆဲဖြစ်သည်။[36] နိုင်ငံရေး ဖြစ်စဉ်များတွင် အမြစ်တွယ်နေသော အမျိုးသားကြီးစိုးရေးဝါဒက အမျိုးသမီးများ၏ ပါဝင်မှုကို အတားအဆီးများအဖြစ် ရှိနေသည်။ ဥပမာအားဖြင့် ဩဇာအာဏာ ဖော်ပြချက် အသုံးအနှုန်းများမှာ အမျိုးသားအသုံးအနှုန်းများဖြစ်နေခြင်း၊ ဦးဆောင်မှု အခန်းကဏ္ဍတွင် အမျိုးသမီးများအား ငြင်းပယ်ခြင်းနှင့် "မျိုးဆက်ပွားလုပ်အား"ကို အမျိုးသမီးများက ပခုံးထမ်းတာဝန်ယူထားရခြင်းကြောင့် ဖြစ်ပေါ်လာသော အချိန်အကန့်အသတ်များ ရှိနေခြင်းတို့ ဖြစ်သည်။[37] အချို့သော နိုင်ငံရေး ဖြစ်စဉ်များတွင် ပါဝင်ခွင့်ရသော အမျိုးသမီးများ၏ပါဝင်နိုင်မှု အတိုင်းအတာမှာ "အမည်ခံ" မှ "သက်ဝင်သော" အဆင့်များအထိ ကွဲပြားခြားနားမှုများ ရှိနေသည်။[38] လက်ရှိတည်ရှိနေသော အမျိုးသမီးများအား ဘေးဖယ်ခံထားရခြင်းသည် ငြိမ်းချမ်းရေး တည်ဆောက်ရေး

34 သိသာထင်ရှားဆုံးမှာ 'မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ လက်ထပ်ခြင်းဆိုင်ရာ အရေး ပေါ် ဥပဒေ(မူကြမ်း)' မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် ယန်ဟီလီးက မကြာသေးခင်က ရုပ်သိမ်းရန် တောင်းဆိုခဲ့သော 'မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများအတွက် လက်ထပ် ထိန်းမြားခြင်းဆိုင်ရာ အရေးပေါ်ပြဋ္ဌာန်းချက်'။ ကုလသမဂ္ဂ 'မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ယန်ဟီလီး။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃၊ အေ /၆၉/၃၉၈။ စာ ၁၉။

35 စီဒေါ ကော်မတီ၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး ကော်မတီ အဆုံးသတ် တွေ့ရှိချက်များ၊ မြန်မာ၊ စာ ၃။ 'ခိုင်မာသော ညီမျှမှု' ဆိုသည်မှာ ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲခြင်းရလာဒ်အဖြစ် "အမျိုးသမီးများ မြင့်တင်ခြင်း" ကို ဆိုလိုသည်။ အမျိုးသားများနှင့် တူညီစွာ အမျိုးသမီးများကို ပြုမူ ဆက်ဆံရုံဖြင့် မလုံလောက်ပါ။ စီဒေါ ကော်မတီ အထွေထွေအကြံပြုချက် အမှတ် ၂၅၊ ပုဒ်မ ၄ စာပိုဒ် ၁။ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ်၊ အထူးယာယီ အရေးယူဆောင်ရွက်ချက်များ၊ ပုဒ်မ ၈။

36 မီနိုလက်တီ၊ စာ (၂၀၁၄)။ မြန်မာနိုင်ငံ အောက်ခြေအဆင့် အစိုးရများတွင် အမျိုးသမီး ပါဝင်မှု။ စာ ၁။

37 Ibid.

38 အင်္ဂါဝေါလ်။ ဘီ။ (၂၀၁၀)၊ အမျိုးသမီးများအား ကိုတာ အချိုးကျပေးခြင်းသည် သူတို့ ပါဝင်မှုကို ထိခိုက်စေသလား၊ တောင်အာရှ ဒေသတွင်း သစ်တောများ စီမံခန့်ခွဲခြင်း။ ကမ္ဘာ့ဖွံ့ဖြိုးရေး၊ ၃၈၊ စာ ၁၀၁။

လုပ်ငန်းစဉ် ဆွေးနွေးပွဲစားပွဲဝိုင်းတွင် ပါဝင်မှုမရှိခြင်း၏ အကျိုးဆက် တခုလည်းဖြစ်သည်။[39] ယင်းသည် မြန်မာနိုင်ငံတွင် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိနိုင်ရန် မရှိမဖြစ် အရေးပါသည့် အစိတ်အပိုင်းလည်းဖြစ်သည်။[40] ယင်းမှ ဆက်လက်၍မီးမောင်းထိုးပြနေသည်မှာ မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးဆွေးနွေးမှုကို တည်ဆောက်ရာတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ယင်းတို့နှင့် သက်ဆိုင်သော အကြောင်းအရာများ ပါဝင်မှု လိုအပ်နေခြင်းပင်ဖြစ်သည်။

*'အမျိုးသမီးတွေကို (UNFC အနေနဲ့) ငြိမ်းချမ်းရေးဖော်ဆောင်မှု ဖြစ်စဉ်တွေမှာ ထည့်သွင်းဖို့အတွက် စဉ်းစားချက်တွေထဲမှာ မပါဝင်သလို တကယ့်ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ ထည့်သွင်းပေးဖို့အတွက် သတ်မှတ်ထားချက်တွေမရှိသလို တာဝန်ပေးဖို့အတွက်လည်း တွန့်ဆုတ်မှုရှိနေတယ်လို့မြင်တယ်။ တဖက်မှာ ကျွန်မတို့နဲ့ ပူးပေါင်းဆောင်ရွက်လိုမှု တိုးတက်လာတယ်ဆိုပေမယ့် ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အမျိုးသမီးတွေမှာ အရည်အချင်းနဲ့ အတွေ့အကြုံတွေ မရှိသေးဘူးလို့လည်းပြောနေတုန်းပဲ။ ဒါမဟုတ်ဘူး ဆိုတာ ရှင်းပါတယ်။ ဥပမာ၊ KWO ဆိုရင် အဖွဲ့အစည်းအဖြစ် ရပ်တည်ခဲ့တာ နှစ်ပေါင်း ၅၀ ရှိပါပြီ။ ဖွဲ့စည်းပုံက ဒီမိုကရေစီကျပြီး ပုံမှန်ရွေးကောက်ပွဲတွေ ရှိပါတယ်။ လုပ်ငန်းစဉ်တွေအားလုံးကိုလည်း အမျိုးသမီးတွေက ဦးဆောင်ပြီး လုပ်နေတာပါ။ အစည်းအဝေးတွေ ညီလာခံတွေမှာ ကျွန်မတို့ကို (UNFC က) ဖိတ်ကြားလာတာ ကောင်းတဲ့ လက္ခဏာလို့ ဆိုနိုင်ပေမယ့် ကျွန်မတို့တွေက ပြည့်ဝတဲ့ တန်းတူသတ်မှတ်ခံရတဲ့ ကိုယ်စားလှယ်အဆင့်တော့ သတ်မှတ်မခံရသေးပါဘူး။ တချို့အခြေအနေတွေမှာ "လေ့လာသူ" အနေနဲ့ ဖိတ်တာပဲဖြစ်ဖြစ် လုံးဝ မပါဝင်ရတာ ဖြစ်ဖြစ်ပဲရှိပါသေးတယ်။'*

**ကရင် အမျိုးသမီး အစည်းအရုံး တွေ့ဆုံမေးမြန်းမှု။ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှစ်ဖက်လုံး၏ အကြောင်းပြချက်မှာ လက်ရှိ ငြိမ်းချမ်းရေး ဆွေးနွေးမှု၏ ဦးစားပေးကိစ္စမှာ ပဋိပက္ခများ ရပ်စဲသွားရေးဖြစ်ပြီး ယင်းမှတဆင့် ငြိမ်းချမ်းရေးကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် သတ်မှတ်ချက်များ လုပ်ဆောင်မည့် နိုင်ငံရေးဆွေးနွေးမှုများ ဆက်လုပ်သွားရန် ဖြစ်သည်။ ရလာဒ်အဖြစ်

39 တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၆ ဖွဲ့ကိုယ်စားပြုသော တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (NCCT) တွင် ကော်မတီဝင် ၁၃ ဦးရှိသည့်အနက် တဦးသာ အမျိုးသမီးဖြစ်သည်။ ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) တွင် အမှုဆောင်ကော်မတီ ၁၀ ဦးအနက် တဦးသာ အမျိုးသမီးဖြစ်သည်။

40 ယင်းမေးခွန်းများကို မဖြေရှင်းပဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှု မရှိပါက မြန်မာနိုင်ငံသည် မိမိအဖွဲ့ဝင်နိုင်ငံအဖြစ် တာဝန်ရှိသော ကုလသမဂ္ဂ လုံခြုံရေး ကောင်စီအစည်းအဝေးဆုံးဖြတ်ချက် ၁၈၂၀နှင့် ၁၃၂၅ တို့နှင့် ဆန့်ကျင်သည်။ လုံခြုံရေး ကောင်စီ ၅၉၁၆ ကြိမ် အစည်းအဝေး "ဆုံးဖြတ်ချက် ၁၈၂၀(၂၀၀၈)" ၂၀၀၈ ခုနှစ် ဇွန် ၁၉၊ အက်စ်/အာရ်အီးအက်စ်၊/1820 (2008) နှင့် လုံခြုံရေးကောင်စီ ၄၂၁၃ ကြိမ် အစည်းအဝေး 'ဆုံးဖြတ်ချက် ၁၃၂၅ (၂၀၀၀)' ၂၀၀၀ ခုနှစ် အောက်တိုဘာ ၃၁ရက်၊ အက်စ်/အာရ်အီးအက်စ်/၁၃၂၅ (၂၀၀)။

အမျိုးသား အပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက် စီမံခန့်ခွဲမှုနှင့် ကျယ်ပြန့်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အမျိုးသားအများစုသာ ပါဝင်နေခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် စစ်ပွဲများ၏ ဝန်ထုတ်ဝန်ပိုးများကို ကွဲပြားခြားနားစွာ ပုခုံးထမ်းခဲ့ရသော တခါတရံတွင် အမျိုးသားများထက် ပိုမိုပြင်းထန်စွာ ခံစားခဲ့ရသော အမျိုးသမီးများ၏ အမြင်များကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်က လစ်လျူရှုထားလျက်ရှိသည်။ အမျိုးသား အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းတွင် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် ငြိမ်းချမ်းရေး အတွက် လိုအပ်သော ထောက်တိုင်များကို ကျဉ်းမြောင်းစွာ ထင်ဟပ်ထားသည်။ အကြမ်းဖက်မှု အပြုအမူများကို တားဆီးရန် ဖော်ထုတ်ရာတွင်ဖြစ်စေ အပစ်ရပ် စာချုပ်မချုပ်မီ သို့မဟုတ် ချုပ်ပြီးနောက်ပိုင်းတွင် လိင်အကြမ်းဖက်မှု ကျူးလွန်သော အဖွဲ့အစည်းများကို လွတ်ငြိမ်းချမ်းသာမှု ငြင်းပယ်ခြင်းကိစ္စရပ်များအတွက်ဖြစ်စေ ပါဝင်နေခြင်း မရှိသေးပါ။ ထို့အပြင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးအတွက် မရှောင်လွှဲနိုင်သည့် တိုင်းရင်းသား လူ့အဖွဲ့ အစည်းများတွင် ဖြစ်ပေါ်ခဲ့သော အတိတ်ကာလနှင့် ပစ္စုပ္ပန်တွင် တည်ရှိနေသည့် လိင်အကြမ်းဖက်မှုများကို ဖော်ထုတ်ဖြေရှင်းရန် မည်သည့်ကတိကဝတ်မျှ ပြုလုပ်ထားခြင်း မရှိပေ။ တရားမဝင် အပစ်အခတ်ရပ်စဲမှုကို ခိုင်မာသည့် နိုင်ငံရေးဆွေးနွေးပွဲများထက် ဦးစားပေးထားခြင်းသည် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၏ အစိတ် အပိုင်းများအား နားလည်မှု လွဲမှားခြင်းဖြစ်ပြီး ယင်းကို တည်ဆောက်ရာတွင် အရေးကြီးလှသော အမျိုးသမီးများ၏ အခန်းကဏ္ဍကို လစ်လျူရှုခြင်းဖြစ်သည်။

လူမှုအဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် တရားဝင် နိုင်ငံရေး အဝန်းအဝိုင်းထက်များစွာ ကျယ်ပြန့်သည်။ ယင်းကဲ့သို့သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် တခါတရံတွင် ပိုမိုခိုင်မာသော လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ၊ ပိုမိုအားကောင်းသော ညှိနှိုင်းဆွေးနွေးမှု အတွေ့အကြုံများနှင့် တာဝန်ရှိဝန်ကြီးများ၊ လွှတ်တော်အမတ်များထက်ပိုမိုသည့် အစိုးရမူဝါဒများအပေါ် အားကောင်းသည့် ဝေဖန် သုံးသပ်မှုများ ရှိနေတတ်သည်။ စီဒေါကော်မတီ၏ ပြန်လည်သုံးသပ်ချက်တွင် အစိုးရအနေဖြင့် လူမှုအဖွဲ့အစည်းများ ချုပ်ချယ်မှု သို့မဟုတ် လုပ်ဆောင်သည့် အလုပ်အပေါ်တွင် တန်ပြန်သက်ရောက်မှုကို ကြောက်ရွံ့ရန် မလိုပဲ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ပေးရန်နှင့် စီဒေါ အကောင်အထည်ဖော်ရာတွင် ယင်းအုပ်စုများ ပါဝင် လုပ်ဆောင်မှု ရှိစေရန် ကူညီပံ့ပိုးရန် တိုက်တွန်းထားသည်။ ဤကိစ္စနှင့် ပါတ်သက်၍ လူ့အခွင့်အရေး တက်ကြွ လှုပ်ရှားသူများနှင့် လူမှုအဖွဲ့အစည်းများအား ဆက်လက် ခြိမ်းခြောက်နေမှုများသည် အစိုးရအနေဖြင့် သဘောတူစာချုပ်ပါ တာဝန်ခံမှုများကို လုပ်ဆောင်ရန် ပျက်ကွက်နေခြင်း ဖြစ်သည်။ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေးအတွက် အာမခံချက်ပေးသော တရားရေးစနစ်ကို ဗဟိုမှ ချုပ်ကိုင်ထားခြင်းသည် အဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိစေရန် ကတိကဝတ် အားနည်းခြင်း အထောက်အထားတခုလည်းဖြစ်သည်။

*'အချက်အလက်တွေကို လူတွေသိအောင်လုပ်ဖို့ အခက်အခဲက ကြီးကြီးမားမား ရှိနေတုန်းပါပဲ။ လူအများအပြားဟာ သူတို့ပြဿနာတွေကို ထုတ်ပြောဖို့ ကြောက်နေကြဆဲ ဖြစ်ပါတယ်။ ကျူးလွန်ခံရသူက စစ်တပ်စခန်းနားမှာ ရှိတယ်ဆိုရင် ကျူးလွန်သူတွေက သူတို့ရွာကို ပတ်လည်ဝိုင်း ထားပါတယ်။ သတင်းတွေအများကြီးရပေမယ့် လူတွေက ကြောက်ကြတာနဲ့ အဲဒါတွေကို ထုတ်ပြန်လို့ မရပါဘူး။ ကျွန်တော်တို့ရဲ့ ကွင်းဆင်းဝန်ထမ်းတွေကို အနှောက်အယှက် ပေးတာတွေလည်း ကြုံကြရပါတယ်။ ဒါဟာ ကျွန်တော်တို့ကို တော်တော် အကျဉ်းအကြပ်ဖြစ်စေပါတယ်။ တခါတလေမှာ ကျွန်တော်တို့ ဝန်ထမ်းတွေ လုံခြုံရေးအတွက်နဲ့ အမှန်တရားကို မျက်ကွယ်ပြုထားရတာမျိုးတွေ မလုပ်မဖြစ်လုပ်ရတာကြောင့်ပါ။'*

**ND Burma တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

*၂၀၁၄ ခုနှစ် ဇွန်လအတွင်းက ချင်းပြည်နယ် မတူပီမြို့နယ်အတွင်းက အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတဦးကို ရိုက်နက်ပြီး မုဒိန်းကျင့်ဖို့ ကြိုးပမ်းမှုကြောင့် ရေဇွာနဲ့ မတူပီမှာရှိတဲ့ အမျိုးသမီး ၆၀၀ လောက်ဟာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ သူတို့က တိုင်းရင်းသူ အမျိုးသမီးတွေအပေါ် ကျူးလွန်တဲ့ လိင်အကြမ်းဖက်မှုတွေကို ချက်ချင်းရပ်ဆိုင်းပြီး ကျူးလွန်သူကို ဥပဒေအရ အရေးယူပေးရန် တောင်းဆိုခဲ့ကြသည်။ ဇွန် ၂၅ ရက်နေ့တွင် ရေဇွာနဲ့ မတူပီက အမျိုးသမီးခေါင်းဆောင် ၈ ဦးကို ဒေသခံရဲစခန်းက ခေါ်ယူပြီး စစ်ဆေးမေးမြန်းခဲ့သည်။ တဆက်တည်းမှာပင် သူတို့အား ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ ပုဒ်မ ၁၈ ဖြင့် ခွင့်ပြုချက် မရပဲ ဆန္ဒပြမှုဖြင့် တရားစွဲဆိုခဲ့သည်။ ဇူလိုင် ၂၃ ရက်နေ့တွင် လှုပ်ရှားတက်ကြွသူ ၈ ဦးလုံးအား အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး တဦးလျှင် ဒဏ်ငွေ ၃၀၀၀၀ ကျပ်စီ ပေးဆောင်စေခဲ့သည်။[41]*

စီဒေါ မြှင့်တင်ရေးအတွက် တွေးခေါ်ပုံနှင့် လုပ်ငန်းစဉ် အခြေပြု ပြုပြင်ပြောင်းလဲရေးများလုပ်ရန်အတွက် အားကောင်းသော လူမှုအဖွဲ့အစည်းများတည်ရှိမှုအပေါ် ကြီးမားစွာ တည်မှီနေသည်။ ယင်းအုပ်စုများသည် လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ကျားမ တန်းတူရေးနှင့် ချိုးဖောက်မှုခံရသော အမျိုးသမီးများ ထိရောက်စွာ တိုင်ကြားနိုင်သော ယန္တရား ရရှိနိုင်မှုတို့အတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ အစိုးရအနေဖြင့် လိင်အကြမ်းဖက်မှုကို

41 ချင်းလူ့အခွင့်အရေးအဖွဲ့ - 'ချင်း လှုပ်ရှားသူ ၈ ဦး ပြစ်ဒဏ်ချမှတ်။ ဒဏ်ငွေတပ်' ၂၀၁၄ ခုနှစ် ဇူလိုင် ၂၅။ တွင်ကြည့်။

အာရုံစိုက်လာစေရန် လုပ်ဆောင်နေသော လူမှုအဖွဲ့အစည်းများအတွက် ငွေကြေးထောက်ပံ့မှု နည်းပါးနေခြင်းနှင့် တက်ကြွလှုပ်ရှားသူများ အနှောက်အယှက်များ တွေ့ကြုံနေရခြင်းသည်[42] လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများ တရားမျှတမှု မြှင့်တင်ရေးနှင့် ကျားမ တန်းတူရေးကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေးနှင့် မြှင့်တင်ရေးတို့အတွက် အားကောင်းသော နိုင်ငံတော်အဆင့်ယန္တရား တရပ်ပေါ်ပေါက်လာစေရန် စိတ်ဝင်စားမှု နည်းပါးနေသည်ကို ပြသနေသည်။

> *'အမျိုးသမီး ကာကွယ်စောင့်ရှောက်ရေးအတွက် အစိုးရက ဘာပဲလုပ်လုပ် ကျွန်မတို့ဆီ မရောက်ပါဘူး။ မြို့ကြီးတွေမှာတော့ တိုးတက်မှုတွေ ရှိကောင်းရှိပါလိမ့်မယ်။ ကျွန်မတို့နေရာမှာတော့ ဘာအပြောင်းအလဲမှ မမြင်ရသေးပါဘူး။'*
>
> **ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ စက်တင်ဘာလ။**

ဖွဲ့စည်းတည်ဆောက်ပုံ အပြောင်းအလဲ အများအပြားကို စီဒေါ ၂၀၀၈ အစီရင်ခံစာ၏ အကြံပြုချက်များ ထောက်ပြသည့်အတိုင်း လုပ်ဆောင်ထားခဲ့သော်လည်း ယင်းတို့၏ ရည်ရွယ်ချက်များ အောင်မြင်စေရန် လိုအပ်သော အရင်းအမြစ်များနှင့် ဖြေရှင်းမှုများ လိုအပ်နေသေးသည်မှာ ရှင်းလင်းနေပါသည်။ ကော်မတီ၏ အကြံပြုချက်များ ထုတ်ဝေဖြန့်ချီပြီး ၆ နှစ်အကြာတွင် အမျိုးသမီးများသည် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များမှ ဘေးဖယ်ခံထားရသည်၊ လူမှုအဖွဲ့အစည်းများတွင် ပါဝင်လုပ်ဆောင်သော သူတို့၏ လုပ်ငန်းများ နှောက်ယှက်ခံ နေရသည်၊ ကျားမတန်းတူရေးအတွက် အသိပညာပေးရန် ရည်ရွယ်လုပ်ဆောင်သော လုပ်ငန်းများအတွက် ငွေကြေး ထောက်ပံ့မှုများ မရှိပဲဖြစ်နေသေးသည်၊ ထို့နောက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ သတ်မှတ်ထားသော တရားမျှတမှုကို ရယူပိုင်ခွင့်နှင့် အလှမ်းဝေးနေဆဲ ဖြစ်သည်။ ယခင်နှစ်အတွင်းက အစိုးရအနေဖြင့် ယင်းလိုအပ်ချက်အချို့ကို ဖြည့်စည်းရန် ဆန္ဒရှိမှုကို ပြသခဲ့ပြီး ယင်းတို့ကို ကျော်လွှားရန်အတွက် မဟာဗျူဟာတခုကို ချမှတ်ထုတ်ဝေခဲ့သည်။

42 ကုလသမဂ္ဂ 'မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ယန်ဟီလီး။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃၊ အေ/၆၉/၃၉၈။ စာ ၇-၈။

## အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း (NSPAW)

၂၀၁၃ ခုနှစ် နှောင်းပိုင်းတွင် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ သည် ယင်းတို့၏ အမျိုးသမီးဘဝ မြှင့်တင်ရေး အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း ၂၀၁၃-၂၀၂၂ ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ စီမံကိန်းကို အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများကို ပပျောက်စေရန် ဥပဒေအရနှင့် လက်တွေ့တွင်ပါ ဆောင်ရွက်လုပ်ဆောင်မည့် လမ်းကြောင်းအဖြစ် ဆိုင်းဘုတ်တင်ကာ ကြော်ငြာရန် ဖြစ်လာခဲ့သည်။ အမှန်တကယ်အားဖြင့် ယင်းစာတမ်း၏ နိဒါန်းတွင် "စီမံကိန်းသည် နိုင်ငံတဝှမ်းတွင် အမျိုးသမီးအခွင့်အရေးများ မြှင့်တင်ရန်နှင့် ကာကွယ်ရန် အစိုးရ၏ အဓိဋ္ဌာန်ပြုချက် ဖြစ်သည်" ဟု ဖော်ပြထားသည်။ တချိန်တည်းမှာပင် ကြေညာချက်၏ ရည်ရွယ်ချက်မှာ တန်ဖိုးရှိသော်လည်း ယင်းကို လက်တွေ့အကောင်အထည်ပေါ်လာစေမည့် ဖွဲ့စည်းပုံ အခြေခံ တည်ဆောက်မှုမှာ ပျောက်ကွယ်လျက်ရှိသည်။ သတိပြုစရာ အကောင်းဆုံးမှာ နိုင်ငံတကာ ဥပဒေများအောက်တွင် အာမခံချက်ပေးထားသော အမျိုးသမီး အခွင့်အရေးများ ရရှိနိုင်မှု ဖြစ်သည်။

စီမံကိန်းတွင် ပီကင်းလှုပ်ရှားမှု လမ်းကြောင်းနှင့် စီဒေါ၏ ဦးစားပေး ဧရိယာ ၁၂ ခုကို အခြေခံထားပြီး ယင်းတွင် ကျန်းမာရေး၊ ပညာရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ လူ့အခွင့်အရေးနှင့် အမျိုးသမီးတိုးတက်ရေး အတွက် ဖွဲ့စည်းတည်ဆောက်ပုံ ယန္တရားများ ပါဝင်သည်။ ယင်းသည် အကောင်အထည်ဖော်ဆောင်ရေး ၅ နှစ် စီမံကိန်းအတွင်းတွင် အသိပညာ မြှင့်တင်ရေးနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရေးတို့ကို ဆပ်ကော်မတီ များဖြင့် ဖွဲ့စည်းအကောင်အထည်ဖော်ကာ နှစ်စဉ်မျှော်မှန်းချက်ရလဒ်များကို ပြန်လည်သုံးသပ်သည်။ တိုးတက် အောင်မြင်စေရန်အတွက် ကတိကဝတ်ပြုထားပြီး စီမံကိန်း၏ "ပူးတွဲလုပ်ဆောင်မှုများကဲ့သို့ပင် အကောင်အထည် ဖော်မှုကိုလည်း အားကောင်းပြီး အောင်မြင်မှုရစေရန်...." ဟု မှတ်ချက်ပြုထားသည်။[43]

မျှော်မှန်းချက် ကြီးကြီးထားသော ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် စီမံကိန်းသည် ခိုင်မာသော ငွေကြေး ထောက်ပံ့မှု လိုအပ်မည်ဖြစ်ရုံသာမက ကွဲပြားခြားနားသော အကြောင်းအရာ အမျိုးမျိုးအပေါ် အကောင် အထည်ဖော်ရာတွင် လက်တွေ့ တွေ့ကြုံလာရသော အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် လူသား အရင်းအမြစ် အများအပြားလည်း လိုအပ်မည်ဖြစ်သည်။ ထို့အပြင် စီဒေါ၏ ဖြန့်ဝေထားသော ပီကင်းလှုပ်ရှားမှု

43 မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ(၂၀၁၄)။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း၊ (NSPAW)၊ ၂၀၁၃-၂၀၂၂၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီး ဌာန၊ စာ ၂။

လမ်းကြောင်းနှင့် အခြားသော အမျိုးသမီး အခွင့်အရေးများ၊ ကျားမတန်းတူရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေများနှင့် ကိုက်ညီသည့် ကောင်းမွန်သော ရည်မှန်းချက်များ ချမှတ်နိုင်ရန်အတွက် ကြီးမားသော အတိုင်းအတာဖြင့် လိုအပ်လျက်ရှိသည်။[44] ယခုတိုင် အစိုးရအနေဖြင့် အထက်ပါ ကိစ္စရပ်များကို ဖြေရှင်းရန်အတွက် မည်သည့်ယန္တရားကိုမျှ ဖွဲ့စည်းထားရှိခြင်း မရှိသေးသကဲ့သို့ အမျိုးသမီးဘဝမြှင့်တင်ရေး အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုလည်း အကောင်အထည်ပေါ်လာ စေရေးအတွက် အသိပညာပေး ဆွေးနွေးမှုများ လုပ်ဆောင်နိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခြင်း မရှိသေးပါ။

*'အစိုးရကတော့ ကျူးလွန်ခံရတဲ့သူတွေအနေနဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီကို တိုင်ကြားနိုင်တယ်လို့ပြောပါတယ်။ အဲဒါပြီးရင်တော့ ဥပဒေကြောင်းအရ ဆက်လုပ်ပေါ့။ ဒါပေမယ့် ပဋိပက္ခဖြစ်နေတဲ့ နေရာတွေမှာ အမ်အန်စီဒဘလျူအေက ဘယ်မှာလဲ၊ အစိုးရအနေနဲ့ အမျိုးသမီးတွေ အမှန်တရား ရရှိဖို့ အသိပညာပေးတာမျိုးတွေ ဘာမှ မလုပ်ဖူး။ သူတို့က အမှန်တရားကို ရှာဖွေချင်တယ်။ ဒါပေမယ့် ဘယ်လို လုပ်ရမှန်း မသိဘူး။ မျှော်လင့်ချက်သာ ရှိခဲ့ရင် သူတို့ ထုတ်ပြောကြမှာပါ။'*

**ကချင် အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ)၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

'မျှော်မှန်းချက်ကြီးမားသော်လည်း အကောင်အထည်ဖော်နိုင်လောက်သည့်စီမံကိန်း' အောင်မြင်ရန်အတွက် လိုအပ်သော အရင်းအမြစ်များ အလုံအလောက် ပေးအပ်ထားခြင်း မရှိပါက အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းသည် အစိုးရအတွက် ယင်း၏ ပြုပြင်ပြောင်းလဲရေး အမှတ်ကောင်းများရရှိစေရန်အတွက် ကြော်ငြာသာ ဖြစ်နေပြီး မြန်မာနိုင်ငံတွင်ရှိနေသော တရားမျှတမှုကင်းမဲ့ခြင်းနှင့် အမျိုးသမီးများ ကိုယ်စားပြုမှု နည်းပါးနေခြင်း ပုံစံများကို ပြောင်းလဲနိုင်မည်မဟုတ်ပါ။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော မည်သည့် လူထုအသိုင်းအဝိုင်းတွင်မှ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်းအကောင်အထည်ဖော်ဆောင်နေမှု သို့မဟုတ် အမျိုးသမီးအခွင့်အရေးများ ရရှိစေရန်အတွက် ကျယ်ပြန့်သော ကြိုးပမ်းဆောင်ရွက်မှု အထောက်အထားများကို မတွေ့ရှိရပေ။ အစိုးရ၏ စာရွက်ပေါ်တွင် ရေးသားထားသော ခိုင်မာသည့် အဖြေရှာမှုနှင့် ယခုနှစ် အစောပိုင်းက အတည်ပြု အသက်ဝင်စေခဲ့သော မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေ[45] အတည်ပြုမှုများရှိနေ

44 နိုင်ငံတကာ အသွင်ကူပြောင်းရေးဆိုင်ရာ အမှန်တရား ဖော်ထုတ်ရေး စင်တာမှ မှတ်ချက်ပြုသည့်အတိုင်း 'အခွင့်အရေး အခြေပြုလူ့အဖွဲ့အစည်းအတွက် ပထမအဆင့်မှာ အခွင့်အရေးများ သိနားလည်ခြင်းနှင့် ယင်းအခွင့်အရေးများကို အာမခံချက်ပြုသည့် အစိုးရနှင့် နိုင်ငံသားများအကြား ဆက်ဆံရေးဖြစ်သည်။ တာဝန်ခံလိုမှု အတိုင်းအတာသည် အခွင့်အရေးများ သိနားလည်မှုသာ အဓိပ္ပာယ်ရှိစွာ လေ့လာနိုင်မည်။ နိုင်ငံတကာ အသွင်ကူပြောင်းရေးဆိုင်ရာ အမှန်တရား ဖော်ထုတ်ရေး စင်တာ၊ မြန်မာ့အသွင်ကူးပြောင်းရေး အမှန်တရားထုတ်ဖော်ရေး လမ်းကြောင်း ရှာဖွေခြင်း (၂၀၁၄) စာ ၁၅

45 MNHRC ၏ အကောင်အထည်ဖော်မှုနှင့် ယင်း၏ လုပ်ပိုင်ခွင့်အကန့်အသတ်များအပေါ် ဆွေးနွေးချက်။ ဘားမား ပါတနာရှစ် နှင့် အီကွယ်လတီ မြန်မာ (၂၀၁၄)၊ သမ္မတ လူများအားလုံး။

သော်လည်း အမျိုးသမီးများ တိုးတက်မှုအတွက် ဖွဲ့စည်းတည်ဆောက်မှုများနှင့် လက်တွေ့ လုပ်ဆောင်မှုများရှိရန် လိုအပ်နေသေးသည်။[46] ယင်းတို့တွင် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို လူမှု အဖွဲ့အစည်းများမှတဆင့် ဖွံ့ဖြိုးမှုနှင့် အကောင်အထည်ဖော်မှုများလုပ်ဆောင်နိုင်ရန် အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုအတွက် လမ်းဖွင့်ပေးရန် လိုအပ်ခြင်းလည်း အပါအဝင်ဖြစ်သည်။

အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းသည် မဟာဗျူဟာ စာရွက်စာတမ်းတခုဖြစ်ပြီး ၅ နှစ် လုပ်ငန်းစဉ် စီမံကိန်းကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုထားသည်ဖြစ်ရာ ယင်းကို အကောင်အထည်ဖော်ဆောင်ရေးအတွက် လိုအပ်သော အရင်းအမြစ်များ ပေးအပ်ထားရန်လိုအပ်ပေသည်။ အစိုးရက ဖွဲ့စည်းပေးထားသော စီမံခန့်ခွဲမှု ကော်မတီက ယင်းအပေါ်တွင် အခြေခံ၍ တိုးတက်မှုကို လေ့လာသုံးသပ်ရန် တာဝန်ခံရမည်ဖြစ်ပြီး နှစ်စဉ် လုပ်ငန်းဘောင် တခုလုံးကို ပြန်လှန်သုံးသပ်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းကို လုပ်ဆောင်မည်။[47] ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်းက အစိုးရသည် ကျားမတန်းတူရေးနှင့် အမျိုးသမီးမြှင့်တင်ရေးကဏ္ဍ အလုပ်အဖွဲ့ (Gender Equality and Women's Empowerment Sectoral Working Group - GEWE SWG) ကို ယူအန်အက်ဖ်ပီအေနှင့် ပြင်သစ်သံရုံးတို့ဖြင့် ပူးတွဲဦးဆောင်မှုဖြင့် လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့တွင် အခြေခံအရ အစိုးရ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ ပါဝင်ပြီး ၂၀၁၃ ပထမအကြိမ် အလုပ်အဖွဲ့အစည်းအဝေးအပြီးတွင် အမျိုးသမီးနှင့် လိင်ကွဲပြားမှု အခြေပြုသည့် ကွန်ယက်များနှင့် ပူးတွဲလုပ်ဆောင်ရန် ချဉ်းကပ်စည်းရုံးခဲ့သည်။

အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို စတင်လုပ်ဆောင်ခဲ့သည့် ၂၀၁၃ အောက်တိုဘာလမှ စတင်၍ စီမံကိန်းနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်မှုနှင့် အသိပညာပေးမှုမြှင့်တင်ရေးတို့ကို ရှေးရှုသော လုပ်ငန်းများမှာ အလွန်နှေးကွေးနေသည်။ ကတိကဝတ်ပြုထားသည့်အတိုင်း အစိုးရ၏ အမျိုးသားအဆင့်နှင့် အမျိုးသားအဆင့် အောက်အဖွဲ့အစည်းများအားလုံးနှင့် အလှူရှင် လုပ်ဖော်ကိုင်ဖက်များပါဝင်ရန်နှင့် အောက်ခြေအဆင့်မှ အသံများ ပါဝင်လာစေရန် လုပ်ဆောင်မှုများကို ယခုထက်တိုင် လက်တွေ့အကောင်အထည် မဖော်နိုင်ပဲရှိနေသည်။[48] အလုပ်အဖွဲ့အစည်းအဝေးများသည် ကွက်ကြားဖြစ်နေပြီး လူမှုအဖွဲ့အစည်းများအား သတင်းအချက်အလက် ပေးဝေခြင်းနှင့် တုန့်ပြန်မှု ရယူခြင်းတို့မှာ ကြီးမားစွာ အဟန့်အတားရှိနေသည်။ ရလဒ်မှာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းမှတဆင့် အမျိုးသမီးများ၏ အသံများကို ထုတ်ဖော်နိုင်သည့် နေရာပေးမှုများ အကန့်အသတ် ရှိနေဆဲဖြစ်သည်။

46 ခိုင်သန့်စု။ 'စစ်တပ်လွှမ်းမိုးမှု နေရာတွင်၊ အမျိုးသမီးများ တန်းတူမှု မရှိနိုင်'၊ ဧရာဝတီ သတင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၄ ရက်။
47 မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ မှထုတ်ဝေသည့်အစီရင်ခံစာ (၂၀၁၄)၊ စာ ၃၇-၃၈
48 ကျားမ တန်းတူရေး ကွန်ယက်(GEN)နှင့် တွေ့ဆုံမေးမြန်းခြင်း၊ ၂၀၁၄ အောက်တိုဘာ

အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်း အကောင်အထည်ပေါ်လာရေးအတွက် လိုအပ်နေသော အောက်ခြေအဆင့် ယုံကြည်မှု တည်ဆောက်ခြင်းအတွက် အစိုးရက အသိအမှတ်ပြုထားသော လိုအပ်ချက်ဖြစ်သည့်[49] အားကောင်းပြီး တက်ကြွသော လူမှုအဖွဲ့အစည်းများ တည်ဆောက်ရန် လိုအပ်သည်။ ဤအရာ မရှိပါက စီမံကိန်းသည် နိုင်ငံတော်က ဦးဆောင်ကျူးလွန်နေသော ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်သည့် အကြမ်းဖက်မှုများ ကြုံတွေ့နေရသည့် အမျိုးသမီးများ၏ အရေးအတွက် လျော့ချရေး လုပ်ဆောင်မှု အနည်းအကျဉ်းသာ ရှိသည့် ညွှန်ကြားချက် သက်သက်သာ ဖြစ်နေပေလိမ့်မည်။ ထို့အပြင် အမျိုးသားအဆင့် ဟာဗျူဟာ စီမံကိန်း ထုတ်ပြန်ကျေညာခဲ့သည့်အချိန်မှစ၍ ကျားမတန်းတူရေးအတွက် ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်း လှုပ်ရှားတက်ကြွသူများအပေါ် နောက်ယှက်ဟန့်တားမှုများသည်လည်း လျော့နည်းသွားခြင်း မရှိသေးပေ။ အမှန်တကယ်အားဖြင့် အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် ယင်း၏ အဖွဲ့ဝင်အဖွဲ့အစည်းများသည် မကြာသေးခင်လများအတွင်းက စစ်တပ်နှင့် ရဲများကျူး လွန်ခံရသော စော်ကားမှုနှင့် နောက်ယှက်များကို ကြုံတွေ့ရကြောင်း အစီရင်ခံခဲ့ကြသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို အမြစ်မှ လှန်ရန် လေးလေးနက်နက် မည်သည့်ကတိကဝတ်ပြုမှုမျိုးမဆို လူ့ဘောင်အဖွဲ့အစည်း အဆင့်ဆင့်တိုင်းတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန် လိုအပ်သည်။ အကယ်၍ ယင်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသော အဖွဲ့အစည်းများသည် တိတ်ဆိတ်ငြိမ်သက်နေမည်ဆိုပါက အမျိုးသား မဟာဗျူဟာ စီမံကိန်း၏ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ပြီးပြည့်စုံစွာ အဆုံးသတ်သွားစေရေး ရည်ရွယ်ချက်မှာ အကောင်အထည်ပေါ်လာမည် မဟုတ်ပေ။

*'ကျွန်မတို့အနေနဲ့ လိင်အကြမ်းဖက်မှုတွေ တွေ့ခဲ့ရင်တောင်မှ ဒါကို တင်ပြလို့ မရပါဘူး။ တရားဝင်အမှုကို အသိအမှတ်ပြုဖို့ဆိုရင် ကျူးလွန်ခံရသူနဲ့ မိသားစုတွေက သူတို့နာမည်တွေ ပေးရပါတယ်။ ကျူးလွန်ခံရသူတွေက အဲလို မလုပ်ချင်ကြတဲ့အတွက် သူတို့ခွင့်မပြုဘူးဆိုရင် ကျွန်မတို့လည်း ဘာမှ လုပ်လို့ မရပါဘူး။ သူတို့တွေအနေနဲ့လည်း စစ်တပ် ဒါမှမဟုတ် ပြည်သူ့စစ်တွေနဲ့ ပါတ်သက်တဲ့ စွပ်စွဲချက်တွေမှာ ပါတယ်ဆိုရင် သူ့တို့ အသက်အန္တရာယ်ရှိတယ်ဆိုတာ သူတို့သိထားပါတယ်။ အနောက်အယှက်ခံမလား။ တိတ်တိတ်လေးနေမလားဆိုရင် အများစုက တိတ်တိတ်လေးနေတာကိုပဲ ရွေးချယ်ပါတယ်။ အဲဒါမျိုးဆိုရင် ကျွန်မတို့က လိမ်ညာပြီး စွပ်စွဲသလို ဖြစ်မှာဆိုတော့ ရဲကို ဘာမှပြောလို့ မရတော့ပါဘူး။'*

**လားဟူ အမျိုးသမီး အစည်းအရုံး တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

49 မြန်မာ အမျိုးသမီးရေးရာ အမျိုးသား ကော်မတီ (၂၀၁၄) စာ ၅။ လူမှု အဖွဲ့အစည်းများအတွက် "လုံခြုံပြီး လုပ်ကိုင်နိုင်ခွင့်ရှိသည့် ပတ်ဝန်းကျင်" ကို ဖန်တီးရန် မြန်မာအစိုးရက အရေးကြီးကြောင်း မြန်မာနိုင်ငံ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် ယန်ဟီလီးက မီးမောင်းထိုးပြခဲ့သည်။ ကုလသမဂ္ဂ 'မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ အစီရင်ခံစာ၊ ယန်ဟီလီး။ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၃၊ အေ /၆၉/၃၉၈။ စာ ၈။ တွင်ကြည့်။

မြန်မာနိုင်ငံတွင် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်မှုကို မွေးမြူပေးထားသော ဖွဲ့စည်းပုံအခြေခံဥပဒေတရပ် တည်ရှိနေသည်။ နိုင်ငံတကာ အသွင်ကူးပြောင်းရေးကာလ အမှန်တရားဖော်ဆောင်ရေး စင်တာ(ICTJ) က မှတ်ချက်ပြုထားသည့်အတိုင်း မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည် "အစိုးရအပေါ် စစ်တပ်က လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းကို ပေးထားသော အုပ်ချုပ်မှုပုံသဏ္ဍာန်နှင့် စစ်တပ်၏ အကျိုးစီးပွားကို အလုံးစုံ အကာ အကွယ်ပေးမှု"ကို ဖန်တီးထားသည်။[50] အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းသည် "အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုများကို ကျူးလွန်သူများအပေါ် ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားရန်" နှင့် "အကြမ်းဖက်မှု သက်ရောက်ခံရသော အမျိုးသမီးနှင့် ကလေးငယ်များအတွက် ဂုဏ်သိက္ခာ နှင့် လုံခြုံမှု၊ ထိရောက်သော ကုသမှု၊ စောင့်ရှောက်မှုနှင့် ကာကွယ်မှုများကို အာမခံသော ဆွေးနွေးမှုများ ပေးအပ် သွားရန်"[51] ဟု ဖော်ပြထားသော်လည်း စစ်သားများမှ မုဒိန်းပြုကျင့်မှုများအပေါ် အရေးယူဆောင်ရွက်မှု အရေ အတွက်သည် အလွန်နည်းပါးလျက်ရှိနေပြီး ကျူးလွန်ခံရသူများမှ တိတ်ဆိတ်စွာသာ နေလိုသည့် အလေ့အထကို ပြောင်းလဲရန် ပံ့ပိုးကူညီသည့် ယန္တရားများ ချို့တဲ့လျက် ရှိနေသည်။ ယင်းနှင့်အတူ အနာဂတ်တွင် အစိုးရအနေဖြင့် အဓိပ္ပါယ်ရှိသော တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို အလေးအနက်ပြုကြောင်း ဖော်ပြနိုင်ရန် အရေးကြီးသည့် အတိတ်ကာလက ရာဇဝတ်မှုများအပေါ် မည်သို့ကိုင်တွယ်ဆောင်ရွက်မည်ကို ဖော်ပြထားခြင်း မရှိပေ။ ယခု အချိန် တိုင်အောင် အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းသည် အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ အမှတ်ရစေရန် ကြော်ငြာလုပ်သည့် ထိရောက်သော တန်ဆာပလာများထဲမှ တခုအဖြစ်သာ ရှိနေသေးပြီး မြန်မာနိုင်ငံတဝှမ်း ကြုံတွေ့နေရသည့် ကြောက်ရွံ့ထိတ်လန့်မှု၊ စော်ကားနောက်ယှက်မှုနှင့် အမျိုးသမီးများ ကိုယ်စားပြုမှု နည်းပါးခြင်းတို့ကို ပြောင်းလဲသွားရန် မည်သည့်လုပ်ဆောင်မှုမျှ မရှိသေးပါ။

## ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ပဋိဉာဉ် ကြေညာချက်

ယခုနှစ် ဇွန်လအတွင်းက ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုများ အဆုံးသတ်ရေး ကမ္ဘာလုံးဆိုင်ရာ ထိပ်သီး ညီလာခံကို လန်ဒန်တွင် ကျင်းပခဲ့သည်။ ယင်း၏ရည်ရွယ်ချက်မှာ လိင်အကြမ်းဖက်မှု ကျူးလွန်သူများအား အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့် ယဉ်ကျေးမှုကို ပြောင်းလဲပစ်ရန်နှင့် ပဋိပက္ခများသက်ရောက်မှုရှိနေသော နိုင်ငံများတွင် ပြန်လည်သင့်မြတ်ရေးအတွက် အဟန့်အတားဖြစ်နေသော တာဝန်ခံမှု နည်းပါးခြင်းကို ဖော်ထုတ်

50 နိုင်ငံတကာ အသွင်ကူးပြောင်းရေးဆိုင်ရာ အမှန်တရား ဖော်ထုတ်ရေး စင်တာ (ICTJ) (၂၀၀၉)'ရှည်ကြာပြီဖြစ်သော အပြစ်ပေးအရေးယူခံရမှုမှ ကင်းလွတ်ခြင်း၊ မြန်မာနိုင်ငံနှင့် ယင်း၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ'။ နယူးယောက်။

51 အမျိုးသမီးရေးရာ မြန်မာ အမျိုးသား ကော်မတီ (၂၀၁၄၊)၊ စာ ၁၅

ဖြေရှင်းရန် ဖြစ်သည်။ ထိပ်သီးညီလာခံ မစတင်မီလေးတွင်ပင် မြန်မာအစိုးရသည် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ပဋိဉာဉ်ကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး လိင်အကြမ်းဖက်မှုအဆုံးသတ်ရန်နှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေး ဖွဲ့စည်းတည်ဆောက်မှု အားလုံးတွင် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ရန် မူဝါဒအများအပြားကို အကောင်အထည်ဖော်ရန်အတွက် အာမခံခဲ့သည်။[52]

နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများဆီသို့ အစိုးရက ဦးတည်သွားနေကြောင်း လက္ခဏာအဖြစ် ထင်ထင်ရှားရှား ပြသခဲ့သော်လည်း ကြေညာချက်ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဖိအားပေးမှုကို မြန်မာအစိုးရ ကြုံတွေ့နေရသည့် ပဋိပက္ခအတွင်း နိုင်ငံတော်က ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများ အဆုံးသတ်ရေးအတွက် မည်သည့်ကြိုးပမ်းအားထုတ်မှုမျှ မရှိခဲ့ပါ။ လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများသည် လုံလောက်သော အထောက်အကူ၊ ဆေးကုသမှု၊ သို့မဟုတ် ယင်းတို့အပေါ် ကျူးလွန်ခံရမှုအပေါ် အမှန်တရားကို ဖော်ဆောင်ပေးမည့် ဥပဒေဆိုင်ရာ ယန္တရားကို ရရှိနိုင်ခြင်းမရှိသေးပါ။ အမျိုးသမီးများအား မုဒိန်းပြုကျင့်ပြီး နိပ်စက်ညှင်းပမ်းသော စစ်တပ်အဖွဲ့ဝင်များအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခွင့် ရှိနေဆဲဖြစ်သလို ဤစာတမ်း၏ တနေရာတွင် မှတ်ချက်ပြုထားသကဲ့သို့ပင် လိင်အကြမ်းဖက်မှုများကို မှတ်တမ်းပြုစုရန် လုပ်ကိုင်ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများအပေါ် နှောက်ယှက် စော်ကားမှုများ လည်း ရှိနေဆဲဖြစ်သည်။

*'စစ်တပ်အနေနဲ့ အဲဒီ ကျူးလွန်ခံရတဲ့သူတွေကို အကူအညီပေးတာမျိုး ကျွန်တော်တို့ မတွေ့ဖူးပါဘူး။ ကျူးလွန်ခံရသူတွေအနေနဲ့ အမှန်တရားကို ဘယ်လိုရှာရမယ်ဆိုတဲ့ အချက်အလက်တွေကိုလည်း မရပါဘူး။ ပဋိပက္ခဖြေရှင်းရေးအတွက် ရှင်းလင်းတဲ့ မူဝါဒတွေ မရှိသေးသမျှ ချိုးဖောက်မှုတွေက ဆက်ရှိနေမှာပါ။'*

**ND Burma တွေ့ဆုံမေးမြန်းမှု၊ ၂၀၁၄ ခုနှစ် စက်တင်ဘာ။**

ကြေညာချက်ပေါ်တွင် ကောင်းမွန်သော ကတိကဝတ်ဖြစ်ရန် လိုအပ်သော အချိန်ကန့်သတ်မှု ပါသည့် အစီအစဉ်များ ကင်းမဲ့မှုသည် အစိုးရအနေဖြင့် လိင်အကြမ်းဖက်မှု အပြုအမူများ လုပ်ဆောင်သော လူပုဂ္ဂိုလ် တဦးချင်းအပေါ်နှင့် ယင်း၏ အရင်းအမြစ်များကို ဖြတ်တောက်ပစ်စေမည့် စစ်တပ်ကို အရပ်သား ထိန်းချုပ်မှု အောက်သို့ ရောက်ရှိစေရေးတို့တွင် ပြတ်သားမှုမရှိသေးသည့် အထောက်အထားဖြစ်သည်။ စီဒေါ၏ အကြံပြုချက်များကို လစ်လျူရှုလျက်

52 'ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ကတိကဝတ် ကျေညာချက်'ကိုကြည့်ရန်။ https://www.gov.uk/government/ uploads/system/uploads/attachment_data/file/274724/A_DECLARATION_OF_COMMITMENT_TO_END_SEXUAL_VIOLENCE_IN_CONFLICT.pdf

အစိုးရ၏ နိုင်ငံတကာ ဥပဒေများအား ဆက်လက်ချိုးဖောက်နေမှုနှင့် ထိပ်တန်း စစ်ဘက်ဆိုင်ရာ အရာရှိများ၏ မုဒိန်းပြုကျင့်ခြင်းသည် စနစ်တကျ ဖွဲ့စည်းဖြစ်ပေါ်နေခြင်း[53] ဖြစ်သည်ကို ငြင်းဆိုနေမှုတို့သည် ကြေညာချက်က ဖော်ထုတ်လိုက်သော ကိစ္စရပ်များကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် အဆင်သင့်ဖြစ်မှုမှာ အကန့်အသတ် ရှိနေသေးကြောင်း ဖော်ပြနေသည်။ ထို့အပြင် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ နှစ်ဖက် စလုံးက အမျိုးသမီးရေးကိစ္စရပ်များကို ငြိမ်းချမ်းရေး ဆွေးနွေးညှိနိုင်းမှုများတွင် အဓိက အကြောင်းအရာအဖြစ် ထည့်သွင်းရန် လိုလားချက် နည်းပါးနေခြင်းသည် အမျိုးသမီးများ ပါဝင်မှုသည် ဒုတိယတန်းစား အရေးပါမှုသာ ဖြစ်သည်ဟု သတ်မှတ်နေခြင်းသာဖြစ်ပေသည်။

မြန်မာအစိုးရသည် ကြေညာချက်က ဖော်ထုတ်ထားသော ရည်ရွယ်ချက်များဖြစ်သည့် အပြစ်ပေးအရေးယူမှု ကင်းလွတ်ခွင့်ကို စိန်ခေါ်ခြင်း၊ လိင်အကြမ်းဖက်မှု ကျူးလွန်သူများအား အပြစ်ပေးအရေးယူခြင်း၊ လိင်အကြမ်းဖက်မှု ရာဇဝတ်များဆိုင်ရာ အသိပညာပေးမှုများ ပြုလုပ်ခြင်းနှင့် ကျူးလွန်ခံရသူများအား ပိုမိုအားကောင်းသော ပံ့ပိုးမှု များပေးခြင်းတို့ကို အကောင်အထည်ဖော်ရန် ခိုင်ခိုင်မာမာ ငြင်းဆိုလျက်ရှိနေသေးသည်။ ကြေညာချက်ကို လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံတနိုင်ငံအနေဖြင့် အစိုးရသည် အမျိုးသမီး အခွင့်အရေးများရှိသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းလိုသည့် ဆန္ဒရှိကြောင်းဖော်ပြခဲ့ပေသည်။ သို့သော် ယနေ့ထိတိုင်အောင် ယင်း ကတိကဝတ်ကို အကောင်အထည်ဖော်လိုသည့်ဆန္ဒကို အစိုးရအနေဖြင့် ပြသသည့် အထောက်အထား မတွေ့ရ သေးပေ။

53 Myanmar Times, 'တပ်မတော်က မုဒိန်းမှုများကို ဝန်ခံ၊ စနစ်တကျလုပ်ဆောင်နေခြင်း မဟုတ်ကြောင်းငြင်းဆို'။ ၂၀၁၄ မတ် ၃ ရက်။ http://www.mmtimes.com/index.php/national-news/9742-tatmadaw-admits-rapes-but-denies-they-are-institionalised.html

# အပိုင်း ၃။ အနှစ်ချုပ် သုံးသပ်ချက်များနှင့် အကြံပြုချက်များ

အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများ အရေးယူဆောင်ရွက်ခြင်းနှင့် နိုင်ငံအတွင်း ပိုမိုကျယ်ပြန့်သော ကျား၊ မတန်းတူညီမျှမှု ရှိရေးအတွက် မြန်မာအစိုးရ၏ ကတိကဝတ်များသည် လူ့အဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပြောင်းလဲပစ်လိုသော သဘောဆန္ဒများအဖြစ် ရှင်းလင်းစွာ ရည်ညွှန်းဖော်ပြလျက်ရှိသည်။ သို့သော်လည်း ယင်းကတိကဝတ်များရှိသော်လည်း အမှန်တကယ် ပြုပြင်ပြောင်းလဲရေးအတွက် လုပ်ဆောင်မှုများမှာ အားနည်းလျက်ရှိနေသည်။ ယခင်နှစ်အတွင်းက တိုင်းရင်းသားဒေသများတွင် မြန်မာစစ်တပ်များ တည်ရှိမှု တိုးပွားလာနေပြီး အကြမ်းဖက်မှုပုံစံများ ဖြစ်ပွားနေခြင်းကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများက မှတ်တမ်းများ ရရှိခဲ့သည်။ ယင်းအကြမ်းဖက်မှုများအပေါ် အပြစ်ပေးအရေးယူခြင်းနှင့် ယင်းတို့ကို အမှန်တရားပေါ်ပေါက်စေရန် လူမှုအဖွဲ့အစည်းများနှင့် တက်ကြွလှုပ်ရှားသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ ဆက်လက်၍ လစ်လျူရှုခံရဆဲဖြစ်ပြီး မြန်မာနိုင်ငံတဝှမ်း အမှန်တရားနှင့် တာဝန်ခံမှု ကင်းမဲ့မှုကို ဖြစ်စေသော တိတ်ဆိတ်ငြိမ်သက်မှု အလေ့အထဖြင့် ဖုံးကွယ်ထားဆဲဖြစ်သည်။ ကျူးလွန်သူများအား အရေးယူဆောင်ရွက်မှု အလေ့အထကို မျက်ကွယ်ပြုထားသည့် အခြေခံဥပဒေဘောင်နှင့် ပေါင်းစပ်လိုက်သည့်အခါတွင် ဤအစီရင်ခံစာတွင် ပါဝင်သော အထောက်အထားများသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် နိုင်ငံတကာ ဥပဒေများက ပြဌာန်းထားသော အခွင့်အရေးများနှင့် သူတို့လိုလားသော လွတ်လပ်ခွင့်နှင့် ဂုဏ်သိက္ခာကို ရရှိခံစားနိုင်ရန် အလှမ်းကွာဝေးလျက်ရှိနေဆဲဖြစ်ကြောင်း သက်သေခံလျက်ရှိသည်။

## မြန်မာအစိုးရသို့ အကြံပြုချက်များ

- မြန်မာနိုင်ငံ၏ တရားရေး စံနစ်ကို နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းများကို ထင်ဟပ်မှုကို အာမခံမှုရှိသော၊ အမျိုးသမီးများ၏ လူ့အခွင့်အရေးနှင့် တိုင်းရင်းသား လူ့အဖွဲ့အစည်းများကို လေးစားမှုရှိသော၊ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီဆုံးဖြတ်ချက် ၁၃၂၅ နှင့် ၁၈၂၀၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ဖယ်ရှားရေး သဘောတူစာချုပ် (စီဒေါ)နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း (ယူဒီအိတ်ချ်အာရ်) နှင့် ကလေးအခွင့်အရေး သဘောတူစာချုပ် (စီအာရ်စီ)နှင့် အခြားသော တာဝန်ခံ လက်မှတ်ရေးထိုးထားချက်များနှင့် အညီအစိုးရအား လိုက်နာဆောင်ရွက်ခွင့်ရှိစေသော စနစ်အဖြစ် ပြုပြင်ရန်။

- အမျိုးသမီး ဘဝမြှင့်တင်ရေး အမျိုးသား မဟာဗျူဟာ (အန်အက်စ်ပီအေဒဘလျူ)၊ စီဒေါနှင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ကြေညာချက်အောက်တွင် သံမိဌာန် ပြုထားချက်များအား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုံလောက်သော လူနှင့် ဘဏ္ဍာရေး အရင်းအမြစ်များ ပေးအပ်ရန်။
- လိင်အကြမ်းဖက်မှုများကို အထူးတလည် ရည်ညွှန်းထားသော သတ်မှတ်ချက်များ ပါဝင်သည့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး ဥပဒေကို လက်ခံကျင့်သုံးရန်။

## နိုင်ငံတကာ အသိုင်းအဝိုင်းသို့ အကြံပြုချက်များ

- အင်္ဂလန်နိုင်ငံ အစိုးရသည် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး လှုပ်ရှားမှု ကို ဦးဆောင်သူ အနေဖြင့် ယင်းကြေညာချက်တွင်ပါဝင်သည့် လိုက်နာကျင့်သုံးရမည့် အချက်များကို အကောင်အထည်ဖော်ရန်အတွက် မြန်မာအစိုးရအား ဖိအားပေးရန်။
- ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၊ အထူး ကိုယ်စားလှယ်၏ ဦးစားပေး အချက် ၅ ချက်ကို အကောင်အထည်ဖော်လုပ်ဆောင်ရန် မြန်မာအစိုးရအား ဖိအားပေးရန်။
- တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ်တွင် နိုင်ငံတော်က ဦးဆောင်ကျူးလွန်ခဲ့သည့် လိင်အကြမ်း ဖက်မှုများအတွက် တာဝန်ခံမှုနှင့် အမှန်တရားအာမခံချက်အတွက် သတ်မှတ် ချက်များ ထည့်သွင်းရန် မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များအား ဖိအားပေးရန်။
- မြန်မာနိုင်ငံတဝှမ်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးနှင့် နိုင်ငံရေး ဆွေးနွေးမှု အစပျိုးနိုင်ရန်အတွက် မြန်မာအစိုးရအား တောင်းဆိုရန်။ ယင်းတွင် အမျိုးသမီး များ၏ ရပ်တည်ချက်အသံများ အား ကောင်းကောင်းပါဝင်ပြီး လူ့အဖွဲ့အစည်း တခုချင်းတွင် အမြစ်စွဲနေသော လူမှု-စီးပွား ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားပြီး တိုင်းရင်းသား ပြည်နယ် များမှ တပ်များ ရုတ်သိမ်းပေးရန်အတွက် မြန်မာအစိုးရအား တောင်းဆိုရန်။
- ကုလသမဂ္ဂအနေဖြင့် အထူးသဖြင့် လိင်အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးနိုင်မည့် ထိရောက်သော ဥပဒေဘောင်အတွင်းနှင့် ဥပဒေ ဘောင်ပြင်ပ အမှန်တရား ဖော်ထုတ်ရေး ယန္တရား တည်ထောင်ရန်အတွက် မြန်မာအစိုးရ အား တောင်းဆိုရန်။

### တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များသို့ အကြံပြုချက်များ

- အတိတ်ကာလက ဖြစ်ပွားခဲ့သော လိင်အကြမ်းဖက်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကိုကိုင်တွယ် ဖော်ထုတ်ရန် ကတိကဝတ်ပြုသော ဥပဒေဘောင်နှင့် ဥပဒေဘောင်ပြင်ပ ထိရောက်သော အမှန်တရား ဖော်ထုတ်ရေး ယန္တရားကို တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် ပါဝင်ရန် ကြိုးပမ်းဆောင်ရွက်သွားရန်။
- တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး စာချုပ်တွင် မည်သည့်အဖွဲ့အစည်းမဆို အကြမ်းဖက်မှု ကျူးလွန်ခြင်းကို တားမြစ်ခြင်းအား ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုပြီး ဤသဘောတူညီချက်များ မတိုင်မီနှင့် နောက်ပိုင်းတွင် လိင်အကြမ်းဖက်မှု ကျူးလွန်သော အဖွဲ့အစည်းအားလုံးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းကို ငြင်းပယ်ရန် အတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။
- တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ်နှင့် နိုင်ငံရေး ဆွေးနွေးပွဲတို့အား ပြင်ဆင်မှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှု အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်မှုကို အာမခံချက်ပေးရန်။



Women's League of Burma

P.O. Box 413, GPO
Chiang Mai 50000
Thailand

E-mail: wlb@womenofburma.org
Website: www.womenofburma.org